# မြဝတီ

နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၁၉)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၃ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၂၅

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ သာသနာတော်တွင် ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | | |
|---|---|---|
| ၁။ | ဒေါ်သန်းသန်းနွယ် | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| ၂။ | ဒေါ်ခင်စောနှင်း | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |

**စာမျက်နှာ ၃ ကော်လံ ၁ ●**

## ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၂၅

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၂။ | ဦးသန်းဆွေ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |

**စာမျက်နှာ ၃ ကော်လံ ၃ ■**

# ကန်ကြီးထောင့်မြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပ



ပုသိမ် မတ် ၂

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တောင်သူလယ်သမားနေ့အခမ်းအနား မုခ်ဦးဆိုင်းဘုတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်

**စာမျက်နှာ ၁၆ ကော်လံ ၁ ❑**

**အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကျင်းပ**

စာ - ၁၁သို့

**တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ရန် စိုက်ပျိုးသင့်တဲ့ ပဲပုပ်သီးနှံ**

စာ - ၇သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၃ ရက်)

# နိုင်ငံသားတိုင်း မွေးရာပါတာဝန်ကျေပွန်ရေး

မြန်မာနိုင်ငံသည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ် မပျက်ပေါင်းဖက်ရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကိုစောင့်ထိန်း လျက်ရှိသည်။ နိုင်ငံတော်၏နိုင်ငံရေးစနစ်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်းဖြစ်ပြီး စီးပွားရေးစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ နိုင်ငံတော်တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်လျက်ရှိသည့်အတွက် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့်တည်ဆောက် ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကိုဦးဆောင်ထမ်းရွက်ချိန်မှစတင်ပြီး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ကာ နိုင်ငံတော်ကိုဘက်စုံထောင့်စုံကဏ္ဍစုံတွင်ဖွံ့ဖြိုးတိုးတက် အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေ ရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များ ကိုအရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ အနီးမရည်မှန်းချက်မှာ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်သည်။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိအောင် အလေးထားဆောင်ရွက်လျက်ရှိသည်။

တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိအောင်ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံးက စစ်ပညာသင်ကြားတတ်မြောက်ထားပြီး နိုင်ငံတော်ကာကွယ်ရေးသဘောတရားများကိုသိရှိနေရမည် ဖြစ်သည်။ နိုင်ငံတော်၏အမျိုးသားရေးတာဝန်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို နိုင်ငံသားအားလုံးက တပ်မတော်နှင့် အတူလက်တွဲ၍ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ထမ်းဆောင်နိုင်ရန် အရွယ်ရောက်သူနိုင်ငံသား အားလုံးသည် စစ်ပညာသင်ကြားကာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေကိုအကောင်အထည်ဖော်နေခြင်းဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်" ဟူ၍ပြဋ္ဌာန်းထားသည်။ ထို့ပြင် ပုဒ်မ ၃၈၆ တွင် " နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူ၍လည်း ပြဋ္ဌာန်းထားသည်။ ထိုသို့ပြဋ္ဌာန်းထားသည်များမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဟူ၍ ကမ္ဘာ့အလယ်ထည်ဝါစွာနေထိုင်နိုင်ရေးဖြစ်သည်။ မိမိတို့ဘိုးဘွားများရယူပေးထားသော လွတ်လပ်ရေးသည် သားစဉ်မြေးဆက်အဆက်ဆက်တိုင် ခိုင်မြဲနေရမည်ဖြစ်သည်။

ထိုသို့ခိုင်မြဲနေစေရေးအတွက် အရွယ်ရောက်သူမှန်သမျှ သတ်မှတ်ထားသည့်အသက်အပိုင်း အခြားနှင့်ကျန်းမာရေးကောင်းမွန်နေသူမှန်သမျှသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကိုထမ်းဆောင်ကြရ မည်ဖြစ်သည်။ အခြားသောနိုင်ငံအများအပြားတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည် ဖော်ကျင့်သုံးနေကြပြီဖြစ်သည်။ စစ်ပညာသင်ကြားတတ်မြောက်ထားသူများ၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ပြီးမြောက်သူများရှိနေပြီဆိုလျှင် နိုင်ငံတော်တွင် အရေးကိစ္စပေါ်ပေါက်လာပါက အချိန်မဆိုင်းစုစည်းကာကွယ်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည်လည်း အစိတ် အပိုင်းတစ်ခုဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံးအစဉ်အမြဲတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် နိုင်ငံတော်ကာကွယ်ရေးအင်အားများပြည့်ဝနေရမည်ဖြစ်သည်။ ယနေ့ကာလ တွင် နိုင်ငံတကာနယ်ပယ်၌ နည်းပညာများ အရှိန်အဟုန်မြင့်မားစွာတိုးတက်လာခြင်းနှင့်အတူ နိုင်ငံတိုင်းသည် မိမိနိုင်ငံကို လုံခြုံစိတ်ချစွာကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ကာကွယ်ရေး အင်အားများကို တိုးမြှင့်တည်ဆောက်လျက်ရှိသည်။ မြန်မာနိုင်ငံသည်ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပထဝီအနေအထားအရ ကမ္ဘာ့အင်အားကြီးနိုင်ငံနှစ်နိုင်ငံနှင့် နီးကပ်စွာတည်ရှိနေသည့်နိုင်ငံဖြစ်သည်။

မြန်မာ့သမိုင်းစာမျက်နှာများတွင်နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်၍ သင်ခန်းစာများ ရှိထားပြီးဖြစ်သည်။ တပ်မတော်သည်ပင် နိုင်ငံ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသည့် တပ်မတော်ဖြစ်သည်။ တပ်မတော်တစ်ရပ်ခိုင်ခိုင်မာမာရှိနေသည့်အတွက် နိုင်ငံတော်၏လွတ်လပ်ရေးသည် ယနေ့တိုင်ခိုင်မြဲနေခြင်းဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ ပြည်သူများမှပေါက်ဖွားလာသူများ သာဖြစ်သည်။ နိုင်ငံတော်ကိုချစ်သူတိုင်း၊ နိုင်ငံတော်ကိုကာကွယ်လိုသူတိုင်း မိမိတို့၏ကိုယ်ပိုင်ဆန္ဒဖြင့် တပ်မတော်သို့ဝင်ရောက်အမှုထမ်းကြသည်။ နိုင်ငံတော်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးလျက်ရှိရာ များစွာသောလူငယ်များ တက်ကြွစွာပါဝင်စစ်မှုထမ်းဆောင်နေကြပြီဖြစ်သည်။ မိမိနိုင်ငံကို မိမိတို့ ကာကွယ်ရခြင်းမှာ လွန်စွာဂုဏ်ယူဖွယ်ကောင်း၍ နိုင်ငံသားတစ်ဦး၏မွေးရာပါတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့်တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။**

**( ခ ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရ ငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည် ဆောင်ရွက်ရေး။**

**( ဂ ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ် စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန် ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူ အား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဖင်(FM)အသံလွှင့်အစီအစဉ်

၃-၃-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက်သဖင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

● သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်မှ

| | | |
|---|---|---|
| ၃။ | ဒေါ်ခင်အေးမြင့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၄။ | ဒေါ်ထွေးထွေးညွန့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ဂုဏ်ထူးဆောင်ဘွဲ့များမှ

| | | | |
|---|---|---|---|
| ၃။ | ဦးအောင်သောင်း | အဖွဲ့ခေါင်းဆောင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၄။ | ဦးအောင်မင်း | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၅။ | ဦးသိန်းဇော် | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၆။ | ဦးခင်မောင်စိုး | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၇။ | ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၈။ | ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) | အတွင်းရေးမှူး(ငြိမ်း) | ငြိမ်းချမ်းရေးကော်မရှင် |
| ၉။ | ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ |

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း) ရှိ လမ်းအသုံးပြုခကောက်ခံနေသည့်တိုးဂိတ်များ ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ စီလမ်းဆုံ တိုးဂိတ်၊ တောင်ငူမီနီတိုးဂိတ်၊ အုတ်တွင်းမီနီတိုးဂိတ်၊ ၁၁၅ မိုင် (ဖြူး) တိုးဂိတ်၊ ဒရယ်မီးမီနီတိုးဂိတ်၊ ဘောနတ်ကြီး မီနီတိုးဂိတ်၊ အမှတ်(၃) တိုးဂိတ်တို့၏ လမ်းအသုံးပြုခကောက်ခံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တိုးဂိတ်များတွင် တပ်ဆင်ထားသည့် CCTVကင်မရာများ၊ကွန်ပျူတာများ ချွတ်ယွင်းပျက်စီးမှုမရှိစေရေးနှင့် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး စီမံဆောင်ရွက်ရန်၊ တိုးဂိတ်တွင်တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိလုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်၊ လမ်းအသုံးပြုခကောက်ခံရာတွင် CCTV၊ ကွန်ပျူတာစနစ်ဖြင့်သာ ဆောင်ရွက်ရန်၊ ကောက်ခံရရှိမှုစာရင်းဇယားများရေးသွင်းရာတွင် ရုံးချုပ်မှ သတ်မှတ်ထားသည့် ပုံစံအတိုင်းရေးသွင်းရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် တိုးဂိတ်အလိုက် တာဝန်ရှိသူများက ဒုတိယဝန်ကြီးအား တိုးဂိတ်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှု၊ CCTV ကင်မရာ၊ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် ကောက်ခံရရှိငွေများ စာရင်းရေးသွင်းထားရှိမှုအခြေအနေများကို စာရင်းဇယားများနှင့်တကွ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(၅၀၀)

## ထူးခြားသည့်နေ့အပူချိန်များ

၂-၃-၂၀၂၅

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# ညောင်ရွှေခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၂

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက ညောင်ရွှေမြို့နယ်ရှိ Red Mountain ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည်များကိုမှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့သို့သွားရောက်ကာ ညောင်ရွှေ-အင်းလေး ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များကို အဆင်ပြေချောမွေ့စွာသွားလာလည်ပတ်နိုင်ရန်နှင့် ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးနိုင်ရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့်သတင်းပြန်ကြားရေးကောင်တာအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍသာမက ဒေသန္တရဗဟုသုတများ၊ ဘာသာစကားနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာများကိုပါ ကျွမ်းကျင်မှုရှိစေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ သတင်းပြန်ကြားရေးကောင်တာတွင် ခရီးသည်များသွားလာလည်ပတ်နိုင်သည့် ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များ၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုနေထိုင်စားသောက်ရေး စသည့်အချက်အလက်များ၊ ခရီးစဉ်ဒေသ၏မြေပုံများနှင့် ခရီးသွားဧည့်သည်များ သိသင့်သိထိုက်သည့် အချက်အလက်များကို ပြည့်စုံမှန်ကန်အောင် ဖြည့်တင်းဆောင်ရွက်ထားစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အင်းလေးကန်သို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်များ အသုံးပြုနိုင်ရန် ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ထားသည့် စက်လှေဆိပ်အား လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးရေတံခွန်သို့ သွားရောက်ကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေ လည်ပတ်နိုင်ရန်အတွက် ခရီးစဉ်ဒေသအသစ် ဖော်ထုတ်ဆောင်ရွက်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြောက်ဥက္ကလာပမြို့နယ်၌ ပိုလီယိုရောဂါအစက်ချကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အသက်နှစ်လမှ အသက်ငါးနှစ်အတွင်းရှိ ကလေးများ ပိုလီယိုရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပိုလီယိုရောဂါ အစက်ချကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ရပ်ကွက်များအတွင်းရှိ သတ်မှတ်စုရပ်နေရာများ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပိုလီယိုရောဂါအစက်ချကာကွယ်ဆေးတိုက်ကျွေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အသက်နှစ်လမှ အသက်ငါးနှစ်အတွင်း ကလေးများအား ပိုလီယိုရောဂါ အစက်ချကာကွယ်ဆေး တိုက်ကျွေးခြင်းများကို ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၃ ရက်အထိ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ အသက်နှစ်လမှ အသက်ငါးနှစ်အတွင်းရှိ ကလေးများအား သတ်မှတ်စုရပ်နေရာများတွင် နေ့ရက်အလိုက် ပိုလီယိုရောဂါ အစက်ချကာကွယ်ဆေး တိုက်ကျွေးခြင်းများနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဗီတာမင် A တိုက်ကျွေးခြင်းလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုစဉ်အခါကမူ အိမ်ရှေ့မိဖုရား၏ ဣန္ဒာဝံသနှင့် ဝိဇယကာရီဝတ္ထုများ၊ ဝန်စာရေး၏မောင်မင်းကျော်၊ ချဉ်ပေါင်ရွက်သည်မောင်မှိုင်း စသောဝတ္ထုများ၊ (မန္တလေးမောင်ခင်မောင်အမည်နှင့်) လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသည့် ခင်မြင့်ကြီးဝတ္ထုများအပြင် ဖတ်စရာဝတ္ထု ဟုတ်တိပတ်တိမရှိခြင်းကို ကျွန်ုပ်သိ၏။ အထက်ပါဝတ္ထုစာအုပ်များမှာလည်း ရည်းစားတစ်ယောက်ပြီးတစ်ယောက်ထားသည့် လူပျိုလှည့်ခန်းများထက်မပိုခြင်းကိုလည်း ကျွန်ုပ်သိ၏။ သို့ဖြစ်၍ လူ့သဘာဝကိုအသေးစိတ်တင်ပြသည့်ဝတ္ထုမျိုး (Novel) မဟုတ်ဘဲ ချစ်ခန်း၊ ကြိုက်ခန်း၊ စွန့်စားခန်းမှစ၍ သည်းတုန်အူတုန်ဖြစ်စေလောက်သည့် အဖြစ်အပျက်များပါဝင်သော ဝတ္ထုမျိုး (Story) ရေးသားရလျှင် မိမိလည်း တတ်နိုင်လောက်သည်။ မြန်မာပရိသတ်ကလည်း လက်ခံလိမ့်မည်ဟု စိတ်ကူးဖြစ်ပေါ်လာ၏။ ယင်းသို့ဆိုလျှင် ကျွန်ုပ်သည် စာရေးဆရာတစ်ယောက်ဖြစ်လာ၍ မကြီးပွားစေနှင့်ဦးတော့၊ ဝဝစား၍ လှလှဝတ်နိုင်လိမ့်မည်ဟု စဉ်းစားမိ၏။ ကျွန်ုပ်၏ဇနီးမှာ နိုဝင်ဘာလ ၈ ရက်တွင် သမီးတစ်ယောက်မွေးဖွားလေရာ ကျွန်ုပ်သည် ထိုညဉ့်မှပင်စတင်၍ ရန်ကြီးအောင်ဝတ္ထုကို ရေးသားပါတော့သည်။



**စာရေးဆရာအတွက်**
**ကျွန်ုပ်၏လက်နက်များ**

ဤနေရာ၌ ကျွန်ုပ် စာရေးဆရာအလုပ်ကို စမ်းသပ်ရာတွင် ကျွန်ုပ်၌အသင့်ရှိသော 'လက်နက်ကိရိယာများ'နှင့် စိတ်ဓာတ်ခံကို တင်ပြလိုပါသည်။ ကျွန်ုပ်သည် အင်္ဂလိပ်ဝတ္ထုအမြောက်အမြားဖတ်ဖူး၍ ၎င်းတို့ကို ပြန်ပြောင်းပြောပြတတ်ခြင်း၊ ပြည်တွင်းဒေသန္တရဗဟုသုတတော်တော်ကြီးရှိခြင်း၊ လူ့သဘာဝကို လေ့လာတတ်သောဝါသနာရှိခြင်း၊ စာရေးခြင်း၌ ဝါသနာထုံခြင်း၊ (သို့သော် အင်္ဂလိပ်လိုဖြစ်သည်။) အဖြစ်အပျက်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင် စပ်ဟပ်ဖော်ပြတတ်ခြင်း၊ ဤသည်ကား လူအများစိတ်ဝင်စားတတ်၊ ဤသည်ကား စိတ်မဝင်စားတတ်ဟူသည်ကို ပိုင်းခြား၍သိတတ်ခြင်း စသည်တို့သည် ကျွန်ုပ်အဖို့ 'လက်နက်များ' ဖြစ်ပါတော့သည်။ ကျွန်ုပ်တွန့်ဆုတ်သောအချက်တစ်ခုမှာ လေ့လာထားခြင်းကား အင်္ဂလိပ်ဘာသာစကား၊ ရေးရမည့်ဝတ္ထုကား မြန်မာလိုဖြစ်နေခြင်းပင်ဖြစ်၏။ အင်္ဂလိပ်လိုရေးဖို့ စိတ်ကူးမပေါ်သည်မဟုတ်။ စိတ်ကူးပေါ်ပါ၏။ ရေးလျှင်လည်း အထိုက်အလျောက်ဖြစ်လိမ့်မည်ဟု ယုံကြည်ပါ၏။ သို့သော် ကျွန်ုပ်မှာ အင်္ဂလိပ်စာမှာ (International Standard) နိုင်ငံခြားသို့ ထုတ်ရောင်းလောက်သည့်အဆင့်အတန်းကို မမီနိုင်။ မြန်မာပြည်အတွင်း၌ ရောင်းရမည့်စာအုပ်မျိုးသာ ဖြစ်နိုင်မည်ဟု သိ၏။ (ကျွန်ုပ်သည် ရခိုင်ပြည်သားတစ်ယောက်ရေးသားသည့် 'မဖြူ' အမည်ရှိ အင်္ဂလိပ်လိုဝတ္ထုတစ်အုပ်ကိုဖတ်ရဖူးရာ ရေးပုံအတော်ကောင်းသော်လည်း နိုင်ငံခြားစာအုပ်အဆင့်အတန်းကို မမီနိုင်သဖြင့် ရခိုင်ပြည်၌သာ ကျက်စားနိုင်ခြင်းကို တွေ့ရ၏။ ကျွန်ုပ်သည် လွန်စွာ့အဆုံး 'မဖြူ ဝတ္ထု' အဆင့်အတန်းမျိုးလောက်သာ တတ်နိုင်မည်ဖြစ်၍ အကျိုးကျေးဇူးမများလှခြင်းကို သိမြင်၏။) မြန်မာပြည်အတွင်း၌သာဖတ်သော အင်္ဂလိပ်ဝတ္ထုစာအုပ်ထွက်ခဲ့လျှင် နိုင်ငံခြားမှ အင်္ဂလိပ်ဝတ္ထုများနှင့် ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်ရာ မြန်မာလိုရေးပါမူကား စိတ်ဝင်စားလောက်သည့် မြန်မာဝတ္ထုများများ မပေါ်ပေါက်သေးသည့် ထိုခေတ်အခါတွင် 'ကြက်ဆူပင်' ဖြစ်နိုင်ဖို့ လမ်းရှိသည်ဟု တွက်ကိန်းရပါသည်။ မြန်မာလိုစီကုံးခြင်း၌ အလေ့အကျင့်မရှိစေကာမူ မက္ကောလေး၏ဝါကျတည်ဆောက်ပုံများကို လေ့လာထားသော ကျွန်ုပ်အဖို့မှာ အချွန်အမွန်အလှအပ မရေးတတ်စေကာမူလည်း မိမိဆိုလိုသောအနက်အဓိပ္ပာယ်ကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်းရှိ၍ ချက်ချင်းနားလည်စေပြီး စာဖတ်ရာ၌လည်း မထစ်မထောင့် ပြေပြစ်ချောမောခြင်းရှိစေနိုင်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ခဲ့ပါသည်။ ဤသည်တို့ကား စာရေးဆရာအလုပ်၌ ကျွန်ုပ်၏လက်နက်များပေတည်း။

**ကျွန်ုပ်၏ စိတ်ဓာတ်ခံ**

စာရေးခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်ဓာတ်ခံသို့မဟုတ် ဝါသနာတချို့ကို တင်ပြဦးမည်။ ကျွန်ုပ်သည် လိုသည်ထက်ပိုသည်ထင်သည့် ယဉ်ကျေးလွန်းသောဝေါဟာရအသုံးအနှုန်းမျိုးကို နှာခေါင်းရှုံ့ချင်တတ်သောဝါသနာရှိ၏။ ကျွန်ုပ်၏မိခင်သည် နန်းတွင်းသူတစ်ယောက်ဖြစ်၍ အပျိုတော်များ၊ ရွာစားမြို့စားများ၊ သခင်ကြီးများ၊ အရာရှိအရာခံများ၏သားသမီးများ၊ မင်းသမီး၊ မင်းသား စသည့်မင်းမျိုးမင်းနွယ်များသည် ကျွန်ုပ်တို့နေအိမ်သို့ မကြာခဏလာရောက်လည်ပတ်လေ့ရှိ၏။ ကျွန်ုပ်သည် ၎င်းတို့အချင်းချင်း စကားပြောကြသည့်အခါ သုံးနှုန်းကြသောစကားလုံးများကို မျက်ကွယ်မှနားထောင်၍ ဝမ်းထဲ၌ပြုံးလေ့ရှိ၏။ ၎င်းတို့နှင့်စကားပြောသည့်အခါ မည်ကဲ့သို့ခေါ်ဝေါ်သုံးနှုန်းရမည်ဟု မိခင်က သင်ကြားထားသော်လည်း တကယ်ပြောရသောအခါတွင် ရှိုးရိုးပင်ပြောသည်နှင့် မိခင်၏ထိပ်ခေါက်ခြင်း အကြိမ်ကြိမ်ခံရဖူး၏။ စင်စစ်မှာ ကျွန်ုပ်မေ့သည်မဟုတ်။ (မှတ်ဉာဏ်ကောင်းပါသည်။) တမင်တကာပြောခြင်းဖြစ်၏။ သူတို့ပြောကြသည့်အသုံးအနှုန်းများကို 'အပိုတွေ' ဟု ကျွန်ုပ်မှတ်ထင်၏။ တစ်နေ့သ၌ စစ်ကဲတော်မင်း၏အိမ်တွင် အမှုထမ်းသောမောင်မြဲဆိုသူက 'သူတို့သားသမီးများတော့ မောင်မောင်ကြီးရေ၊ ခင်မောင်ကြီးရေ၊ ခင်ခင်ကြီးရေနဲ့'၊ တို့များကျတော့ဖြင့် "ဟဲ့ ... ငမြဲတဲ့၊ ဘာကောင်းသလဲ ဒါ" ဟု ညည်းတွားသောစကားတစ်လုံးသည် ကျွန်ုပ်၏နားထဲသို့ ဝင်သွားခဲ့ဖူး၏။ ထိုနေ့မှစ၍ ကျွန်ုပ်သည် မောင်မြဲ၏လူဖြစ်လာပြီး ယဉ်ကျေးသည်ဆိုသည့်စကားလုံးများဖြင့် သူတို့အချင်းချင်းသုံးနှုန်းကြခြင်းကို ရယ်ချင်၍ ကျွန်ုပ်ကိုယ်၌ကလည်း မသုံးချင်တော့ချေ။ တချို့မိဘများသည် မိမိတို့သားများအား 'မောင်ဘသန်း'၊ 'မောင်ဘရင်' စသည်ဖြင့် မောင်တပ်ခေါ်ပြီး သူတစ်ပါး၏သားများအား ဘသန်း၊ ဘရင် စသည်ဖြင့်ခေါ်ကြခြင်းများကို ကြားရသောအခါ (မောင်မြဲ၏စကားကြောင့်) ကျွန်ုပ် ရွံမုန်းလာတတ်လေပြီ။ တချို့မိဘများသည် 'နှုတ်ကျိုး' နေသဖြင့် အမှတ်မဲ့ခေါ်ခြင်းဖြစ်နိုင်ပါ၏။ သို့ရာတွင် ကိုယ့်သားများ 'ကို'၊ 'မောင်' တပ်ခေါ်ဖို့ 'နှုတ်ကျိုး' တတ်ပြီး သူတစ်ပါး၏သားကိုမှ အသားလွတ်ခေါ်ခြင်းကို ကျွန်ုပ် ခွင့်မလွှတ်နိုင်ချေ။ ထိုသို့သောမိဘမျိုးက ကျွန်ုပ်အား 'ဖေသိန်း' ဟုခေါ်ခဲ့လျှင် လှည့်မကြည့်ခြင်းမှာ ငယ်စဉ်ကတည်းက (မောင်မြဲနှင့်တွေ့ပြီးသည့်နောက်) ကျွန်ုပ်၏အကျင့်တစ်ခုဖြစ်ပါသည်။ အစေခံတစ်ယောက်မျှသာဖြစ်သော မောင်မြဲက နာတတ်လျှင် ကျွန်ုပ် အဘယ်ကြောင့် မနာတတ်ဘဲရှိပါမည်နည်း။ ကျောင်းသားများအနက်တွင် ကျွန်ုပ်မှာ အသက်အငယ်ဆုံးဖြစ်၍ ဤအဖြစ်အပျက်မျိုး ခဏခဏကြုံရတတ်၏။ ဤသို့သောမိဘမျိုးကို ကျွန်ုပ် တော်တော်ရွံတတ်ခဲ့လေပြီ။ ကျွန်ုပ်၏မိဘများမူကား ကျွန်ုပ်အား 'ဖေသိန်း' ဟု ခေါ်သော်လည်း တခြားကျောင်းသားများအား 'မောင်' တပ်၍ခေါ်လေ့ရှိ၏။ ကျွန်ုပ် အလွန်ကျေနပ်သည်။

**ရိုင်းသည်ဟု ဆိုချင်ဆိုစေ**

တချို့မိဘများသည် မိမိတို့၏သားများအား 'ဝန်ထောက်မင်း'၊ 'အရေးပိုင်မင်း'၊ 'ဦးဘယ်သူ'၊ 'ဦးဘယ်ဝါ' ဟူ၍လည်းကောင်း၊ သမီးများအားလည်း 'မင်းကတော်'၊ 'မင်းကတော်ကြီး'၊ 'ဒေါ်ဘယ်သူ'၊ 'ဒေါ်ဘယ်ဝါ' စသည်ဖြင့်လည်းကောင်း ခေါ်တတ်ကြလေရာ ကျွန်ုပ် အလွန်ရယ်ချင်လှသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ရှင်ဘုရင်ဖြစ်ခါစ၌ ၎င်း၏ဦးကြီး၊ ဦးလေး၊ ကြီးတော်၊ အဒေါ် စသောဆွေတော်မျိုးတော်များသည် ဒန်တိုများနှင့် နန်းတော်ထဲဝင်လာကြ၍ မှူးကြီးမတ်ရာများအား "အောင်ဇေယျ ဘယ်မှာလဲဟရို့" ဟု မေးကြသည်ဆိုရာ ကျွန်ုပ်အလွန်သဘောကျသည်။ ကျွန်ုပ်သည်လည်း တူများ၊ သားများ ဘယ်မျှလောက်ကြီးကျယ်ကြစေ၊ ဝင်းမောင်၊ သင်းမောင်၊ စိုးနိုင်ဟုခေါ်ရမှ ကျေနပ်၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကျုံပျော်မြို့နယ်၌ ကုလားပဲများ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် မတ် ၂


ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ ကုလားပဲများအရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မာမာအေး၏ ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတတိယပတ်မှစ၍ ကုလားပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"ကုလားပဲတွေက အရင်ထက် အရောင်းအဝယ် ကောင်းလာပါတယ်။ ပြည်တွင်း စားသုံးမှုအားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ကုလားပဲတွေက လက်ကျန်ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာပါတယ်။ လက်ရှိ ဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်လိုအားကောင်းနေပါတယ်" ဟု ဒေါ်မာမာအေးကပြောသည်။

ကျုံပျော်မြို့နယ်၌ ကုလားပဲအပါအဝင် တခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# အမျိုးသားဖလင်မော်ကွန်းတိုက်တည်ဆောက်မည့်မြေနေရာနှင့် ရုပ်ရှင်ဖလင်များအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းဆောင်ရွက်မှုလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း ဖလင်မော်ကွန်းတိုက်ရှိ ရုပ်ရှင်ဇာတ်ကားများအား ဖလင်မှ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ကမ္ဘာအေးဘုရားလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့်ရှိ အမျိုးသားဖလင်မော်ကွန်းပြတိုက် တည်ဆောက်ရန် လျာထားသည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။



ရေးဦးစွာဗဟန်းမြို့နယ်သာသနာ့ရိပ်သာလမ်းရှိပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလင်မော်ကွန်းတိုက်အဆောက်အအုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်က မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ဖလင်များနှင့် သတင်းမှတ်တမ်းကားများမှာ မြန်မာနိုင်ငံ၏သမိုင်းယဉ်ကျေးမှုနှင့် ပုံရိပ်များအား မီးမောင်းထိုးပြနေသည့် အရာများဖြစ်သည့်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ အသက်ဝိညာဉ်ဖြစ်သကဲ့သို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုသမိုင်းလည်းဖြစ်ကြောင်း၊ ယခင်က ယင်းဖလင်များကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲထိန်းသိမ်းနိုင်မှုမရှိခဲ့ခြင်းကြောင့် အချို့သောရုပ်ရှင်ဇာတ်ကားများနှင့်သတင်းမှတ်တမ်းကားများ ပျောက်ဆုံးပျက်စီးခဲ့ရသည်ကို စိတ်မကောင်းဖွယ်တွေ့ရကြောင်း။

မိမိတို့တာဝန်ယူချိန်မှစ၍ ဖလင်သန့်စင်စက်များ၊ ဖလင် Scanner စက်များကို ဝယ်ယူပေးခဲ့ပြီး ဖလင်မှဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ရုပ်ရှင်ဇာတ်ကားအချို့နှင့် သတင်းမှတ်တမ်းကားအချို့ကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းထားနိုင်ခဲ့ပြီး သတ်မှတ်ထားသည့် အရည်အသွေးများအတိုင်း စနစ်တကျဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ဖလင်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသည့် ဖြူ/မည်း ရုပ်ရှင်ဇာတ်ကား ၁၂ ကား၊ ဆေးရောင်စုံဇာတ်ကား ၁၅၄ ကားနှင့် သတင်းမှတ်တမ်းကား ၂၇၈၁ ကားကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အဆင့်ဆင့်ကြိုးကြပ်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာအဆင့်မီ အမျိုးသားဖလင်မော်ကွန်းတိုက်ကြီးတစ်ခု တည်ဆောက်၍ စနစ်တကျထိန်းသိမ်းနိုင်ရန် ရည်မှန်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သက်တမ်း နှစ် ၁၀၀ ခန့်ရှိသည့် မော်ကွန်းရုပ်ရှင်အဆောက်အအုံအား ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်မည့် ရုပ်ရှင်ပညာသင်တန်းများဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကမ္ဘာအေးဘုရားလမ်း အုတ်ပုံဆိပ်လမ်းထောင့်ရှိအမျိုးသားဖလင်မော်ကွန်းတိုက်တည်ဆောက်ရန် လျာထားသည့်မြေနေရာနှင့် ဆောက်လုပ်မည့်အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့(Myanmar Narrative Think Tank) တို့မှ အဖွဲ့ဝင်များတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများဆွေးနွေးရာတွင် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့က စီစဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာရေးရာ၊ ကမ္ဘာရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအကြောင်းအရာများ၊ နည်းပညာရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဥပဒေဆိုင်ရာအကြောင်းအရာများကို ထည့်သွင်း၍ ကဏ္ဍစုံအောင်ဖော်ပြပေးနေသည်ကို တွေ့ရကြောင်း၊ ၎င်းစာအုပ်များအား ပိုမိုကောင်းမွန်ပြည့်စုံစေရန် စီစဉ်ထုတ်ဝေရမည်ဖြစ်ပြီး ကျယ်ပြန့်စွာဖြန့်ဝေနိုင်ရန် ဆောင်ရွက်စေလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကို ကမ္ဘာသို့ပျံ့နှံ့ရောက်ရှိစေရေးနှင့် ပြောင်းလဲနေသည့်ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များပေါ်တွင် ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ကိုဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ် မတ်လတွင် နိုင်ငံတကာပညာရှင်များပါဝင်သည့် ဖိုရမ်ကြီးတစ်ခုကျင်းပကာ နိုင်ငံ့ပုံရိပ်မြှင့်တင်ရေးနှင့် ၂၀၂၅ ခုနှစ်တွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရှာဖွေကြမည်ဖြစ်ကြောင်း၊ ယင်းဖိုရမ်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများကိုဖော်ပြရင်း နိုင်ငံတကာမှ မိမိတို့နိုင်ငံအပေါ်အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများရရှိရန် မျှော်မှန်းရမည်ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများက မကြာမီကျင်းပမည့် "၂၀၂၅ အလွန်ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့်ကျင်းပမည့် ဖိုရမ်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်းသိရသည်။

(၅၀၀)

**မိုးထစ်ချုန်းရွာနိုင်** နေပြည်တော် မတ် ၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚C | / | ၃၅˚C |
| ရန်ကုန် | ၂၀˚C | / | ၃၆˚C |
| မန္တလေး | ၁၉˚C | / | ၃၉˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော်  မတ် ၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမ၌ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုကျွမ်းကျင်သင်တန်းများ ဖွင့်လှစ်ခဲ့မှု၊ သင်တန်းကျောင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ သင်တန်းဖွင့်လှစ်ရန် စီမံထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုကျွမ်းကျင်သင်တန်းများအား နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဖွင့်လှစ်ရန်၊ သင်တန်းကျောင်းအနေဖြင့် ဒေသ၌ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်းများနှင့် ကိုက်ညီသည့် ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးနိုင်ရေးစီမံဆောင်ရွက်ရန်၊ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားမွေးထုတ်ခဲ့သော သင်တန်းသားများသည် နိုင်ငံပိုင်စက်ရုံ/ အလုပ်ရုံများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် MSME များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ကြမည်ဖြစ်၍ အမှန်တကယ်တတ်မြောက်ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးရန်၊ လေ့ကျင့်သင်ကြားပေးနေသည့်ဘာသာရပ်အသီးသီး၏ သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်၍ ခေတ်နှင့်လျော်ညီမှုရှိအောင် ပြင်ဆင်ရေးဆွဲရန်၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်နေသဖြင့် အဆိုပါစက်မှုလုပ်ငန်းများအတွက် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း ဖွင့်လှစ်ရန် စာသင်ခန်းမများပြင်ဆင်ထားရှိမှုနှင့် သင်ထောက်ကူစက်ပစ္စည်းကိရိယာများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ကျိုင်းတုံမြို့နယ်၊ လွိုင်မွေဒေသရှိ စတုရဌသုမင်္ဂလစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် စတုရဌသုမင်္ဂလစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်စဉ်။

နေပြည်တော်  မတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေဒေသရှိ စတုရဌသုမင်္ဂလစေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူပွဲကို ယနေ့ နံနက်ပိုင်းတွင်ပြုလုပ်ခဲ့ရာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝေပုလ္လ အမှူးပြု၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စတုရဌသုမင်္ဂလစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေဆိုင်းများ ကပ်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက် ဆရာတော်ထံမှ ပရိတ်တရားတော်များနာယူကြည်ညိုကြပြီး စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်များ စတင်ကပ်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ချမ်းမြသာစည်မြို့နယ်၊ ဆင်ဖြူကန်ကွင်း၌ ၂၀၂၅ ခုနှစ်၊ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲကျင်းပပြုလုပ်

နေပြည်တော်  မတ် ၂

၂၀၂၅ ခုနှစ်၊ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဆင်ဖြူကန်ကွင်း၌ ယနေ့နံနက်ပိုင်းတွင် မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က သီးနှံစိုက်စွမ်းအား ထူးချွန်ဆုရရှိသောခရိုင်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်ဆုရရှိသော မြို့နယ်များအား ထူးချွန်ဆုတံဆိပ်၊ ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကွင်းအတွင်း၌ ခင်းကျင်းပြသထားသော (၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့အထိမ်းအမှတ် စိုက်ပျိုးရေးဦးစီးဌာနပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အများအားဖြင့် သာယာမည်

၃-၃-၂၀၂၅

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ (မိုး/ဇလ)

# တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရန် စိုက်ပျိုးသင့်တဲ့ ပဲပုပ်သီးနှံ

စိုးမိုးဝင်း(စိုက်ပျိုးရေး)



ပဲပုပ်သီးနှံကို ပဲပုပ်ဖြင့်ပြုလုပ်သော ပဲငါးပိကို စားသုံးခြင်းမှ စတင်သိခဲ့ရသည်။ ပဲငါးပိသည် ပဲပုပ်သီးနှံ၏ တန်ဖိုးမြှင့် ထုတ်ကုန်တစ်မျိုးဖြစ်သည်။ ပဲပုပ်သည် အာဟာရဓာတ်ကြွယ်ဝသော အစားအစာများထဲတွင်ပါဝင်ပြီး ကမ္ဘာ့အရေးကြီးဆုံးသီးနှံ (၁၀)မျိုးအနက် အမှတ်စဉ်(၆)နေရာတွင် ရပ်တည်နေသည်။ ပဲပုပ်တွင် အသားဓာတ် ၄၀ ရာခိုင်နှုန်းမှ ၄၅ရာခိုင်နှုန်းနှင့် ဟင်းသီးဟင်းရွက်ဆီ ၁၉ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းပါဝင်သည်။ ပဲပုပ်ဆီသည် ကမ္ဘာ့ထိပ်တန်းနေရာတွင် ရပ်တည်နေသော ဟင်းသီးဟင်းရွက်ဆီတစ်မျိုးဖြစ်သည်။ ပဲအမျိုးအစားများစွာရှိသည့်အနက် ပဲပုပ်သည် အာဟာရဓာတ်အပြည့်ဝဆုံးသော ပဲသီးနှံဖြစ်သည်။

သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးထွက်ကုန်နှင့် စိုက်ပျိုးရေးထုတ်ကုန်ဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးထွက်ကုန်ဆိုသည်မှာ သီးနှံကိုစိုက်ပျိုး၍ ရိတ်သိမ်းပြီးနောက်ထွက်ရှိလာသော သီးနှံထွက်ကုန်များကိုဆိုလိုပြီး စိုက်ပျိုးရေးထုတ်ကုန်ဆိုသည်မှာ သီးနှံထွက်ကုန်များကို ပြုပြင်မွမ်းမံပြင်ဆင်၍ ထုတ်လုပ်ခြင်းအားဖြင့် ထွက်ရှိလာသော တန်ဖိုးမြှင့်ထုတ်ကုန်များကိုဆိုလိုသည်။ ထို့ကြောင့် ယနေ့ခေတ်ကာလတွင် သီးနှံထွက်ကုန်များထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းတို့အတွက် ရည်မှန်းချက်ထား၍ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းကို ဆောင်ရွက်လာကြသည်။

**တန်ဖိုးမြှင့်ထုတ်ကုန်ဆိုသည်မှာ**

တန်ဖိုးမြှင့် ထုတ်ကုန်ဆိုသည်မှာ စိုက်ပျိုးထုတ်လုပ်ရာမှ ထွက်ရှိလာသော စိုက်ပျိုးရေးထွက်ကုန်တစ်ခုကို ရုပ်ပိုင်းဆိုင်ရာအခြေအနေ ပြောင်းလဲပေးခြင်း ဥပမာ– ဂျုံစေ့မှ ဂျုံမှုန့် (သို့) ထုတ်ကုန်၏ ပုံစံကို ပြောင်းလဲပေးခြင်း ဥပမာဂျုံမှုန့်မှ ပေါင်မုန့်ကိုဆိုလိုသည်။ ဤနည်းလမ်းနှစ်မျိုးဖြင့် မည်သည့်သီးနှံထွက်ကုန်ကို မဆို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် ပြုပြင်မွမ်းမံပြင်ဆင်ထုတ်လုပ်ခြင်းအားဖြင့် အဆင့်သုံးဆင့်ရှိသည်။

ပထမအဆင့် ပြုပြင်မွမ်းမံပြင်ဆင်ထုတ်လုပ်ခြင်းတွင် စိုက်ပျိုးထုတ်လုပ်ရာမှ ထွက်ရှိလာသော သီးနှံထွက်ကုန်များကို မူရင်းအတိုင်း ပုံစံမပျက်စေဘဲ ဆောင်ရွက်ရသောလုပ်ငန်းများဖြစ်သည်။ သီးနှံထွက်ကုန်များကို ရေဆေးခြင်း၊ သန့်ရှင်းခြင်း၊ အဆင့်ခွဲခြင်း၊ အမျိုးအစားခွဲခြင်း စသည်တို့ပါဝင်သည်။

ဒုတိယအဆင့် ပြုပြင်မွမ်းမံပြင်ဆင်ထုတ်လုပ်ခြင်းတွင် ပထမအဆင့်မှထွက်ရှိလာသော သီးနှံထုတ်ကုန်များကို ပမာဏများရာမှ နည်းသွားခြင်း၊ ပုံစံကိုလျှော့ချခြင်းတို့ကို ဖြစ်ပေါ်စေရန် ဆောင်ရွက်ရသောလုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းများတွင်ထုပ်ပိုးခြင်း၊ဖယောင်းတင်ခြင်း၊အသားအနှစ်ထုတ်ခြင်း၊ အခွံခွာခြင်း၊ အရည်ထုတ်ခြင်း၊ တစ်ပိုင်းတစ်စကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ကြာရှည်ခံအောင်ထိန်းသိမ်းခြင်းတို့ပါဝင်သည်။

တတိယအဆင့် ပြုပြင်မွမ်းမံပြင်ဆင်ထုတ်လုပ်ခြင်းတွင် စားသုံးရန်အဆင်သင့်ဖြစ်အောင် ပြုလုပ်ရသော လုပ်ငန်းများပါဝင်သည်။ ထုတ်ကုန်သည် သက်တမ်းရှည်ပြီး အရည်အသွေးမြင့်မားသည်။ ထို့ကြောင့် ဤအဆင့်တွင် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရန် ထုတ်လုပ်သည့်ကုန်ပစ္စည်းအပေါ်မူတည်ပြီး အဆင့်မြင့်နည်းပညာလိုအပ်သည်။

ပဲပုပ်သီးနှံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးမြှင့်ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သောသီးနှံတစ်မျိုးဖြစ်သည်။ ပဲပုပ်သီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး စီးပွားရေးတစ်ခုအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်လျှင် အလွန်စိုက်ပျိုးရန်သင့်တော်သော သီးနှံတစ်မျိုးဖြစ်သည်။

**ပဲပုပ်သီးနှံထွက်ကုန်အစားအစာများ**

ပဲပုပ်သီးနှံကို စိုက်ပျိုးထုတ်လုပ်၍ ထွက်ရှိလာသော ပဲပုပ်စေ့များကို သရေစာအဖြစ် အစိမ်းလိုက်ကြော်၍ စားခြင်း၊ ပြုတ်၍သုပ်စားခြင်းနှင့် ဟင်းလျာတစ်မျိုးအဖြစ် ချက်၍စားခြင်းတို့အပြင် ပဲပုပ်ထောင်းကြော်၊ ပဲပုပ်ကြက်သွန်ကြော်၊ ပဲပုပ်မြေပဲကြော်၊ ပဲပုပ်ဂျူးမြစ်ကြော်၊ ပဲပုပ်ကြော်ချက်၊ ပဲပုပ်မြေပဲချက်၊ ပဲပုပ်စေ့ဟင်းချို၊ ပဲပုပ်မီးကင်၊ ပဲပုပ်ချဉ် စသည်ဖြင့် နှစ်သက်ရာပုံစံအမျိုးမျိုးကို ပြုလုပ်ဖန်တီး၍စားသောက်ကြသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်များမှာ "မိရိုးဖလာ အစားအစာ ပဲပုပ်ဟင်းလေးတစ်ခွက်ပါ" ဟူသော စကားရပ်တစ်ရပ်ရှိသည့်အတိုင်း ပဲပုပ်ဟင်းလျာကို ခုံမင်နှစ်ခြိုက်စွာ စားသုံးကြသည်။ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားများသည် ပဲပုပ်စေ့ကို ရေစိမ်ပြုတ်၍ ပဲပုပ်အစိုအဖြစ် ပြုလုပ်ကာ မိမိကြိုက်နှစ်သက်သော အရသာထည့်သွင်းပြီး ဟင်းတစ်မယ်အဖြစ် ရေးယခင်ကတည်းကပင် ချက်ပြုတ်စားသောက်ကြသည့် အလေ့အထရှိကြသည်။

ပဲပုပ်စေ့ကို တိုက်ရိုက်ချက်ပြုတ်စားသောက်ကြခြင်းအပြင် ပဲပုပ်စေ့များကို ထောင်း၍ပဲပုပ်ထောင်းမှုန့်များကို ဟင်းချိုထဲတွင် ခပ်ခြင်း၊ ခရမ်းသီးမီးဖုတ်သုပ်နှင့် ခရမ်းချဉ်သီးမီးဖုတ်သုပ်ထဲတွင် ထည့်ခြင်းတို့အပြင် ကိတ်မုန့်များပြုလုပ်ရာတွင်လည်း ထည့်သွင်းအသုံးပြုကြသည်။

**ပဲပုပ်သီးနှံ တန်ဖိုးမြှင့်ထုတ်ကုန်အစားအစာများ**

ပဲပုပ်သီးနှံသည် သီးနှံထွက်ကုန်အဖြစ် အသုံးပြုနိုင်ရုံသာမက တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရန်အတွက်အလွန်အသုံးဝင်သော သီးနှံတစ်မျိုးဖြစ်သည်။ ပဲပုပ်သီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးအစားများစွာကို ထုတ်လုပ်နိုင်သည်။ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားများသည် ပဲပုပ်ကို ဂျူးမြစ်၊ ငရုတ်သီးတို့ဖြင့်ရောနှောပြီး အရသာမျိုးစုံရှိသော ပဲပုပ်ချပ်အခြောက်ပြုလုပ်၍ တာရှည်ခံအောင်ပြုလုပ်ခြင်း၊ ပဲပုပ်ပြား၊ ပဲပုပ်အတုံး၊ ပဲငါးပိချဉ်စပ်၊ ပဲငါးပိဆီစိမ်၊ ပဲပုပ်တိုဟူးနွေး၊ ပဲပုပ်စေ့လှော်၊ ပဲနို့ရည်၊ ပဲငံပြာရည် စသည်ဖြင့် စားဖွယ်စုံစွာ ပြုပြင်ဖန်တီးပြီး စားသုံးကြသည်။ ရှမ်းတိုင်းရင်းသားများသည် ပဲပုပ်ကို နှစ်သက်စွာစားသုံးကြပြီး ရှမ်းရိုးရာအစားအစာ "ရှမ်းပဲပုပ်"အဖြစ် မြန်မာပြည်တစ်လွှား နာမည်ကျော်ကြားသည်။

မြန်မာလူမျိုးများသည် ပဲငါးပိကို အစို၊ အခြောက်နှစ်မျိုးစားသုံးကြ၍ ပဲပုပ်စေ့မှ ပဲငါးပိပြုလုပ်၍ ရောင်းချသောလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာ့ရိုးရာ ပဲငါးပိလုပ်ငန်းတစ်ခုဖြစ်လာသည်။ ထို့ပြင် ပဲပုပ်မှ ပဲနို့ရည်၊ ပဲနို့ဒိန်ခဲ၊ ဆော့စ်၊ ကော်ဖီ၊ ကိတ်၊ စည်သွတ်ဘူး၊ ကြာညို့ စသည်တို့ ပြုလုပ်နိုင်ပြီး ပဲပုပ်စေ့ကိုကြိတ်၍ ပဲပုပ်ဆီကိုလည်း ထုတ်လုပ်နိုင်သည်။

**ပဲပုပ်သီးနှံ လူသုံးကုန်တန်ဖိုးမြှင့်ထုတ်ကုန်များ**

ပဲပုပ်သီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်သည်။ ပဲပုပ်ဆီမှ စာရေးမင်၊ ပုံနှိပ်မင်၊ ဆပ်ပြာ၊ ရော်ဘာတု၊ ဓာတ်ဆီ၊ ဇီဝဒီဇယ်၊ ပလတ်စတစ်၊ ခဲတံ၊ အရောင်တင်ဆီ၊ အိမ်သုတ်ဆေး၊ ပိုးမွှားသတ်ဆေး၊ ကြွေဆေး၊ ဆီစိမ်စက္ကူ၊ သားရေတု၊ ဖယောင်းတိုင်၊ သိုးမွေးတု၊ သုတ်ဆေး၊ အလှကုန်ပစ္စည်းအမျိုးမျိုး စသည့်လူ့အသုံးအဆောင်ပစ္စည်းအမျိုးအစားပေါင်း ၂၀၀၀ ခန့်ကို ထုတ်လုပ်နိုင်သည်။

**ပဲပုပ်သီးနှံပင် ကြွင်းကျန်ပင်များ၏ အသုံးဝင်မှု**

ပဲပုပ်သီးနှံကို အဓိကစိုက်ပျိုးကြခြင်းမှာ ပဲပုပ်စေ့ကို ထုတ်လုပ်ရန်ဖြစ်သည်။ ပဲပုပ်စေ့ကိုထုတ်လုပ်ပြီးနောက် ကျန်ရစ်ခဲ့သော ပဲပုပ်ပင်၏ အမြစ်၊ အရိုးများ၊ အရွက်များကိုလည်း လူသားတို့အကျိုးအတွက် အသုံးချနိုင်သည်။ ပဲပုပ်ပင်၏ အမြစ်နှင့်အရိုးများကို ထင်းအဖြစ်အသုံးပြုနိုင်သည်။ အမြစ်၊ အရိုး၊ အရွက်အပါအဝင် အပင်အကြွင်းအကျန်အားလုံးကို မြေဆွေးပြုလုပ်၍ သဘာဝမြေသြဇာအဖြစ် ပြုလုပ်အသုံးပြုနိုင်သည်။ ပဲပုပ်စေ့ကို ကြိတ်၍ ဆီထုတ်လုပ်ရာမှကျန်ရစ်ခဲ့သော ပဲပုပ်ဆီကြိတ်ဖတ်များကို တိရစ္ဆာန်အစားအစာအဖြစ်အသုံးပြုနိုင်သည်။

**ပဲပုပ်ဇီဝဒီဇယ်ထုတ်လုပ်ခြင်း**

တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းနည်းလမ်းများတွင် လယ်ယာအခြေခံ ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ခြင်းနည်းလမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ပြည့်ဖြိုးမြဲစွမ်းအင်ဆိုသည်မှာ နေရောင်ခြည်(သို့)လေကဲ့သို့ အမြဲတမ်းပြန်လည်ဖြည့်ပေးသောသဘာဝနှင့်ပြန်လည်ပြည့်ဖြိုးသော အရင်းအမြစ်မှ ထုတ်လုပ်သော စွမ်းအင်ကိုခေါ်သည်။ ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးမျိုးကို ကျေးလက်ဒေသများတွင် နည်းလမ်းမျိုးစုံဖြင့် ထုတ်လုပ်လျက်ရှိရာ လေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်မှစ၍ ဇီဝစွမ်းအင်များအထိ ထုတ်လုပ်ကြသည်။ ပြည့်ဖြိုးမြဲစွမ်းအင်များသည် မြေမှထုတ်ယူရရှိသော သဘာဝလောင်စာများကို အစားထိုးသုံးစွဲနိုင်ပြီး ရေရှည်ကာလတွင် စွမ်းအင်ဖူလုံမှုကို ဖြစ်စေသည်။

ရေနံထုတ်ကုန်များပြတ်လပ်မှုကြောင့် ဇီဝဒီဇယ်များသည် လောင်စာဆီအရင်းအမြစ်တစ်ခုအဖြစ် လူအများပိုမိုစိတ်ဝင်စားလာကြသည်။ ဇီဝဒီဇယ်၏ ကောင်းကျိုးများမှာ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေမှုဖြစ်ခြင်း၊ ကာဗွန်ထုတ်လုပ်မှုနည်းခြင်းနှင့် အဆိပ်အတောက်ကင်းမဲ့ခြင်းတို့ဖြစ်ပြီး ဇီဝဒီဇယ်ကို သာမန်ဒီဇယ်အင်ဂျင်များတွင် အသုံးပြုနိုင်သည်။ ဇီဝဒီဇယ်ကို ယေဘုယျအားဖြင့် ဆီပါဝင်မှုမြင့်မားသော သီးနှံများမှ ထုတ်လုပ်နိုင်သည်။ ဇီဝဒီဇယ်ထုတ်လုပ်ရန် အဓိကအသုံးပြုသော သီးနှံများမှာ အမေရိကန်နိုင်ငံတွင် ပဲပုပ်၊ ဥရောပတိုက်တွင် ဆီမုန်ညင်း၊ အရှေ့တောင်အာရှဒေသရှိ အပူပိုင်းဒေသများတွင် အုန်းထန်း၊ အပူပိုင်းဇုန်နှင့် အပူလျော့ပိုင်းဇုန်များတွင်ကြက်ဆူ စသည်ဖြင့် နိုင်ငံအလိုက်သုံးကြပြီး အခြားသီးနှံများအနေဖြင့် နေကြာ၊ ဝါစေ့၊ မှော်ပင်ရေညှိ၊ ပြောင်း၊ မြေပဲတို့ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ၂၀၁၈ ခုနှစ်စာရင်းအရဇီဝဒီဇယ်ကို ပဲပုပ်ဆီမှအများဆုံး ထုတ်လုပ်ပြီး စုစုပေါင်းထုတ်လုပ်မှု၏ ၅၄ ရာခိုင်နှုန်းရှိသည်။ ယေဘုယျအားဖြင့် ပေါင် ၆၀ ရှိသော ပဲပုပ်တစ်တင်းသည် ဇီဝဒီဇယ် ၁ ဒသမ ၅ ဂါလန်ကို ထုတ်လုပ်နိုင်ပြီး ပဲပုပ်တစ်ဧကမှာ ပဲပုပ်စေ့ တင်း ၄၀ ထွက်လျှင် ဇီဝဒီဇယ် ဂါလန် ၆၀ ထွက်နိုင်သည်။

**အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်သင့်**

စိုက်ပျိုးရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အလုံးစုံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည်။ ပဲပုပ်သီးနှံသည် တန်ဖိုးမြှင့်ထုတ်ကုန်များစွာကို ထုတ်လုပ်နိုင်သောကြောင့် ပဲပုပ်သီးနှံစိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်သင့်သည်။ သို့သော် ပဲပုပ်သီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရန် နည်းပညာလိုအပ်သည်ကိုတော့ မမေ့သင့်ပေ။ ထိုလိုအပ်သောနည်းပညာကို ကောင်းစွာ ကျွမ်းကျင်တတ်မြောက်လျှင် ပဲပုပ်သီးနှံတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်သည့်အတွက် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် များစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံ့စီးပွားတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် သီးနှံထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ပဲပုပ်သီးနှံကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်သကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် နည်းပညာများကိုလည်း ရှာဖွေဖော်ထုတ်ရန်လိုအပ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးသုတေသနပညာရှင်၊ စိုက်ပျိုးရေးပညာရှင်၊ စိုက်ပျိုးပညာပေးရေးပညာရှင်များအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးတွင် ပါဝင်ပတ်သက်သူများအားလုံး ဝိုင်းဝန်းကြိုးစားဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# ကိုယ်တွင်းသွေးလည်ပတ်စီးဆင်းမှုမကောင်းသောလက္ခဏာများ

ဒေါက်တာလွင်သန့်

**"သွေးလည်ပတ်မှုမကောင်းတာကြောင့် ခုခံအားစနစ်အပေါ် များစွာသက်ရောက်မှုရှိပါတယ်။ သွေးလည်ပတ်မှုမကောင်းတဲ့အခါ ဗီတာမင်နဲ့ သတ္တုဓာတ်တွေ လိုအပ်တဲ့နေရာတွေဆီမရောက်တာကြောင့် ရောဂါပိုးမွှားတွေကိုတိုက်ထုတ်ဖို့ ခုခံစွမ်းအားလျော့နည်းနေတတ်ပါတယ်။ ခန္ဓာကိုယ်မှာ ခုခံစွမ်းအားနည်းတဲ့အခါ ရောဂါပိုးမွှားတွေ အလွယ်တကူဝင်နိုင်ပြီး မကြာခဏဖျားနာတာ၊ ထိခိုက်ရှနာဖြစ်ပြီးတဲ့အခါ တော်ရုံအနာမကျက်တာတွေဖြစ်နိုင်ပါတယ်။ သွေးလည်ပတ်မှုကောင်းပြီး ခုခံစွမ်းအားမြင့်မားစေဖို့ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်သင့်ပါတယ် . . ."**

သွေးတွင်း မကောင်းတဲ့ကိုလက်စထရော(LDL–Low Density Lipoprotein) များနေရင် သွေးလည်ပတ်စီးဆင်းမှုမကောင်းပါဘူး။ ခန္ဓာကိုယ်ထဲမှာ စီးဆင်းနေတဲ့သွေးတွေက အာဟာရဓာတ်နဲ့ အောက်ဆီဂျင်တွေကို ခန္ဓာကိုယ်အနှံ့ပို့ဆောင်ပေးပါတယ်။ သွေးလည်ပတ်စီးဆင်းမှုမကောင်းတဲ့အခါ ခန္ဓာကိုယ်မှာ ကျန်းမာရေးပြဿနာတွေဖြစ်လာပါတယ်။ အဲဒီကျန်းမာရေးပြဿနာတွေက–

**ခြေထောက်တွေဖောရောင်ခြင်း**

ခြေထောက်တွေဖောရောင်တာက အထိုင်များတာ ဒါမှမဟုတ် မတ်တတ်ရပ်များတာတွေကြောင့် ဖြစ်နိုင်သလို အငန်စားသုံးမှုများတာ၊ အာဟာရချို့တဲ့တာ၊ အဝလွန်တာ၊ အသက်အရွယ်ကြီးတာ၊ လှုပ်ရှားမှုနည်းတဲ့နေထိုင်မှုပုံစံ၊ ဓမ္မတာမလာမီ ကိုက်ခဲတာ၊ ကိုယ်ဝန်ဆောင်တာ စတာတွေကြောင့် သွေးစီးဆင်းမှုမကောင်းလို့ဖြစ်ရပါတယ်။ သွေးစီးဆင်းမှုမကောင်းတာကြောင့် ကျောက်ကပ်ကသွေးတွေ တစ်သျှူးတစ်ဝိုက်မှာ စုပုံနေပြီး ရောင်ရမ်းတာဖြစ်လာရပါတယ်။ ခြေထောက်မှာ သွေးစီးဆင်းမှုမကောင်းတာဆိုးရွားလာရင် အနာတွေဖြစ်လာနိုင်တယ်။ ခြေထောက်ရောင်ရင် လဲလျောင်းတဲ့အခါ ခြေထောက်ကို အပေါ်မြှင့်ထားသင့်ပါတယ်။ အရောင်မသက်သာဘဲ ရက်ရှည်နေရင် ဆရာဝန်နဲ့ ပြသစစ်ဆေးသင့်ပါတယ်။

**ခုခံစွမ်းအားနည်းလာခြင်း**

သွေးလည်ပတ်မှုမကောင်းတာကြောင့် ခုခံအားစနစ်အပေါ် များစွာသက်ရောက်မှုရှိပါတယ်။ သွေးလည်ပတ်မှုမကောင်းတဲ့အခါ ဗီတာမင်နဲ့ သတ္တုဓာတ်တွေ လိုအပ်တဲ့နေရာတွေဆီ မရောက်တာကြောင့် ရောဂါပိုးမွှားတွေကိုတိုက်ထုတ်ဖို့ ခုခံစွမ်းအားလျော့နည်းနေတတ်ပါတယ်။ ခန္ဓာကိုယ်မှာ ခုခံစွမ်းအားနည်းတဲ့အခါ ရောဂါပိုးမွှားတွေ အလွယ်တကူဝင်နိုင်ပြီး မကြာခဏဖျားနာတာ၊ ထိခိုက်ရှနာဖြစ်ပြီးတဲ့အခါ တော်ရုံအနာမကျက်တာတွေဖြစ်နိုင်ပါတယ်။ သွေးလည်ပတ်မှုကောင်းပြီး ခုခံစွမ်းအားမြင့်မားစေဖို့ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်သင့်ပါတယ်။ နေ့စဉ် နာရီဝက်ကနေ တစ်နာရီကြာ အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်ပါတယ်။

**ခြေလက်တွေ ထုံကျဉ်နေခြင်း**

ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုခု ထုံကျဉ်နေတာ၊ အဓိက လက်နဲ့ခြေထောက်တွေမှာ ထုံကျဉ်မှုတွေဖြစ်ရတာက သွေးလည်ပတ်မှုမကောင်းလို့ဖြစ်ပါတယ်။ လက်ကိုဖိပြီးအိပ်မိတာ၊ အရမ်းအေးတဲ့အရာကိုကိုင်တွယ်မိတာ၊ အာရုံကြောခဏတာညပ်တာ၊ လှုပ်ရှားမှုနည်းတဲ့နေထိုင်မှုပုံစံနဲ့ နေထိုင်တာ၊ ဗီတာမင် B 12 နဲ့ မဂ္ဂနီဆီယမ်ဓာတ်ချို့တဲ့တာ စတာတွေကြောင့်လည်းဖြစ်နိုင်ပါတယ်။ လက်သန်းနဲ့ လက်သူကြွယ်တစ်ဝိုက်ကလွဲပြီး ကျန်လက်ချောင်းတွေထုံကျဉ်နေတာ၊ ဆီးချိုသွေးချိုရှိတာ၊ သိုင်းရွိုက်ဂလင်းအလုပ်အလွန်လုပ်နေတာ စတဲ့ရောဂါတွေမှာ ခြေ၊ လက်ထုံကျဉ်တာကို လက္ခဏာတစ်ရပ်အနေနဲ့ ပြတတ်ပါတယ်။

**ခြေထောက်သွေးပြန်ကြောထုံးခြင်း**

ခြေထောက်မှာ သွေးပြန်ကြောတွေ ထင်ထင်ရှားရှားပေါ်လွင်နေတာ သွေးလည်ပတ်မှုမကောင်းတာကြောင့်ဖြစ်ပါတယ်။ ခြေထောက်သွေးပြန်ကြောသွေးတွေက သွေးလည်ပတ်မှုမကောင်းတာနဲ့ ကမ္ဘာမြေကြီးဆွဲအားကြောင့် အပေါ်ပြန်မတက်နိုင်တဲ့အခါ သွေးကြောတွေရောင်တာ၊ လိမ်တာတွေဖြစ်လာပါတယ်။ အဲဒါတွေက သိသိသာသာဖြစ်ပြီး မျက်စိနဲ့မြင်တွေ့နိုင်ပါတယ်။ သွေးပြန်ကြောတွေရောင်တာကြောင့် နာကျင်တာ၊ ယားယံတာ၊ ခြေထောက်လှုပ်တာ၊ ပူစပ်ပူလောင်ခံစားရတာ၊ ခြေထောက်ကြီးတာ စတာတွေဖြစ်ပေါ်နိုင်ပါတယ်။ ခြေထောက်သွေးပြန်ကြောရောင်တာက မျိုးရိုးလိုက်တာ၊ အဝလွန်တာ၊ ဝမ်းချုပ်တာ၊ ဟော်မုန်းပြောင်းလဲမှုတွေဖြစ်တာစတဲ့ ခန္ဓာကိုယ်ရဲ့အပြောင်းအလဲပေါ်မူတည်ပြီးလည်းဖြစ်နိုင်ပါတယ်။ ခြေထောက်သွေးပြန်ကြောရောင်တာခံစားရရင် သွေးလည်ပတ်မှုကောင်းအောင် ခြေအိတ်ကျပ်ကျပ်ဝတ်အိပ်သင့်ပါတယ်။

**ခြေလက်တွေအေးနေခြင်း**

သွေးလည်ပတ်စီးဆင်းမှုက ခန္ဓာကိုယ်အပူချိန်ကိုထိန်းပေးပါတယ်။ သွေးစီးဆင်းမှုပြတ်တောက်သွားတာက ခန္ဓာကိုယ်ရဲ့ ပုံမှန်အပူချိန်ကို မထိန်းထားနိုင်ပါဘူး။ သွေးစီးဆင်းမှုမကောင်းရင် ခန္ဓာကိုယ်ရဲ့ အစွန်အဖျားနေရာတွေဖြစ်တဲ့ လက်ချောင်း၊ ခြေချောင်းလေးတွေဆီကို သွေးမရောက်ရှိတာကြောင့် အေးနေတာပဲဖြစ်ပါတယ်။

သွေးမရောက်ရင် အဲဒီနေရာတွေဆီ အောက်ဆီဂျင်ပမာဏလုံလောက်စွာမရောက်နိုင်ပါဘူး။ အေးနေတဲ့နေရာကို ပွတ်ပေးရင် သဘာဝအတိုင်း သွေးစီးဆင်းမှု ပြန်ကောင်းစေပါတယ်။ သိုင်းရွိုက်ဂလင်းလုပ်ဆောင်မှုများတာ၊ လက်နဲ့ခြေထောက်မှာရှိတဲ့ အာရုံကြောတွေပျက်စီးတာကြောင့်ဖြစ်တဲ့ လက်ဖျား၊ ခြေဖျားအေးတာဆိုရင်တော့ ဆရာဝန်နဲ့ ပြသပြီး ကုသမှုခံယူသင့်ပါတယ်။

**ရုတ်တရက်ဆံပင်ကျွတ်ခြင်း**

သွေးလည်ပတ်မှုမကောင်းတာကြောင့် ရုတ်တရက်ဆံပင်ကျွတ်နိုင်ပါတယ်။ သွေးလည်ပတ်မှုမကောင်းတဲ့အခါ ဦးရေပြားက လိုအပ်တဲ့အာဟာရဓာတ်တွေမရရှိတာကြောင့် ဆံသားခြောက်သွေ့တာ၊ ဆံပင်ကျဲတာ၊ ဆံပင်နှစ်ခွဖြစ်တာတွေဖြစ်နိုင်ပါတယ်။ ဆံပင်ကျွတ်တာသက်သာစေဖို့ အဆီတစ်မျိုးမျိုးကို ဦးရေပြားအနှံ့လိမ်းပြီး ညင်သာစွာနှိပ်နယ်ပေးသင့်ပါတယ်။ အသက်အရွယ်ကြီးတာ၊ စိတ်ဖိစီးမှုများတာ၊ ဆေးလိပ်အလွန်အကျွံသောက်တာ၊ သိုင်းရွိုက်ဂလင်းပြဿနာရှိတာ၊ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါရှိတာ၊ နာတာရှည်ဖျားနာနေတာ စတာတွေကြောင့်လည်း ဆံပင်ကျွတ်တာဖြစ်နိုင်ပါတယ်။

**အမြဲတမ်းမောပန်းနွမ်းနယ်ခြင်း**

ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုတွေ လုပ်ဆောင်ပြီးတဲ့အခါနဲ့ တချို့ဆေးဝါးတွေကြောင့် မောပန်းနွမ်းနယ်မှုတွေကို ခံစားရနိုင်ပါတယ်။ ဒါပေမဲ့ သွေးလည်ပတ်မှုမကောင်းတာကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းတွေဆီကို သွေးမရောက်တဲ့အခါမျိုးမှာလည်း မောပန်းနွမ်းနယ်တာဖြစ်နိုင်ပါတယ်။ သွေးလည်ပတ်မှုမကောင်းတာကြောင့်ခံစားရတဲ့ မောပန်းနွမ်းနယ်မှုတွေဖြစ်တဲ့အခါ အသက်ရှူမြန်တာ၊ သက်လုံမကောင်းတာနဲ့ ကြွက်သားနာကျင်တာတွေကိုလည်း ခံစားရနိုင်ပါတယ်။ အရက်အလွန်အကျွံသောက်တာ၊ ကော်ဖီအများအပြားသောက်သုံးတာ၊ အိပ်ရေးပျက်များတာ၊ ကိုယ်လက်လှုပ်ရှားမှုမရှိတာ၊ စိုးရိမ်စိတ်များတာ၊ စိတ်ဓာတ်ကျတာ၊ စိတ်ဖိစီးမှုများတာတွေကြောင့်လည်း မောပန်းနွမ်းနယ်မှုတွေကို ခံစားရနိုင်ပါတယ်။

**သွေးတွင်းမကောင်းတဲ့ကိုလက်စထရောများခြင်း**

သွေးတွင်းမကောင်းတဲ့ကိုလက်စထရော(LDL–Low Density Lipoprotein)က ခန္ဓာကိုယ်အတွက် အကျိုးမပြုတဲ့ ကိုလက်စထရောဖြစ်ပြီး HDL–High Density Lipoprotein က ခန္ဓာကိုယ်ကို အကျိုးပြုတဲ့ ကိုလက်စထရောဖြစ်ပါတယ်။ သွေးတွင်းမကောင်းတဲ့ကိုလက်စထရော(LDL) များတာက အသံတိတ်လူသတ်သမားဖြစ်ပါတယ်။

ကိုလက်စထရောက ခန္ဓာကိုယ်က ဆဲလ်တိုင်းမှာရှိပါတယ်။ ခန္ဓာကိုယ်ရဲ့လုပ်ငန်းဆောင်တာတွေ အကောင်းဆုံးလည်ပတ်စေဖို့ လိုအပ်တဲ့အရာတစ်ခုဖြစ်ပါတယ်။ နေ့စဉ် စားသုံးတဲ့အစားအစာတွေထဲကနေ ရရှိနိုင်ပါတယ်။ ဒါပေမဲ့ သင့်တင့်တဲ့ပမာဏထက် ကျော်သွားမယ်ဆိုရင်တော့ ရုတ်တရက် နှလုံးရပ်တာ၊ လေဖြတ်တာမျိုးရောဂါတွေ ခံစားရနိုင်ပါတယ်။ သွေးတွင်းမကောင်းတဲ့ ကိုလက်စထရော (LDL) များနေတဲ့လက္ခဏာတွေက မျက်ခွံမှာ အဝါရောင်အဖုတွေထွက်ပြီး မျက်ကြည်လွှာတစ်ဝိုက်မှာ မီးခိုးရောင်အရစ်လေးတွေဖြစ်နေမယ်။ အပေါ်မျက်ခွံမှာဖြစ်ဖြစ်၊ အောက်မျက်ခမ်းမှာဖြစ်ဖြစ် နာကျင်မှုမရှိတဲ့ ခပ်ပျော့ပျော့အဖုလေးတွေစမ်းမိနေရင် အမြင်အာရုံကိုထိခိုက်မှုဖြစ်စေမယ့် သွေးတွင်းမကောင်းတဲ့ကိုလက်စထရော (LDL) များနေတတ်ပါတယ်။ မှန်ကြည့်တဲ့အခါ မျက်ကြည်လွှာတစ်ဝိုက်ကို သေချာစိုက်ကြည့်လို့ မျက်ကြည်လွှာတစ်ဝိုက်မှာ မီးခိုးရောင်အရစ်ကလေးဖြစ်နေတာတွေ့ရင် ဒါက သွေးတွင်းမကောင်းတဲ့ကိုလက်စထရော (LDL) များနေတာဖြစ်ပါတယ်။ အသက် ၄၅ နှစ်အထက်တွေမှာ အဖြစ်များပါတယ်။ ဒါတွေက ကိုယ်တွင်းသွေးလည်ပတ်စီးဆင်းမှု မကောင်းတဲ့လက္ခဏာတွေ ဖြစ်ပါတယ်။

## မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ၆၃၃၆ ပေ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်

ဟင်္သာတ မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဟင်္သာတမြို့နယ် ငါးဖယ်ထူကျေးရွာ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ၆၃၃၆ ပေ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မတ်လ ၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မော်သန်း၊ ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ၆၃၃၆ ပေ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ငါးဖယ်ထူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၁၆၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၆၆၀ ကျော် စုစုပေါင်း ငွေကျပ် သိန်း ၈၀၀ ကျော် အသုံးပြုကာ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ



# ကျောက်ဆည်မြို့နယ်၌ မိုးကြိုပဲတီစိမ်း ၃၄၆၉ ဧကလျာထားပြီး စတင်စိုက်ပျိုး



ကျောက်ဆည် မတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် သင်တွဲ၊ ငပြောင်၊ ဇီးတော၊ သင်းဒီး၊ ထုံးကြီး၊ စမာဆည်ရေပေးမြောင်းများဖြင့် မိုးကြိုပဲတီစိမ်း ၃၄၆၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုအချိန်တွင် စတင်စိုက်ပျိုးလျက်ရှိသည်။

မိုးကြိုပဲတီစိမ်းသီးနှံများစိုက်ပျိုးရာတွင် ဇော်ဂျီမြစ်ရေသောက်စနစ်၊ သင်းတွဲဆည် သင်းတွဲမြောင်းရေဖြင့် ၂၀၁၁ ဧက၊ ငပြောင်ဆည် ငပြောင်မြောင်းရေဖြင့် ဧက ၂၈၀၊ ဇီးတောဆည်တမုတ်မြောင်းရေဖြင့်ဧက ၁၁၀၊ ကင်းတားဆည် သင်းဒီးမြောင်းရေဖြင့် ဧက ၃၀၊ ထုံးကြီးမြောင်းရေဖြင့် ၃၄၁ ဧက၊ စမာမြောင်းရေဖြင့် ၆၉၇ ဧက စုစုပေါင်း ၃၄၆၉ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးကြိုပဲတီစိမ်းသီးနှံများစိုက်ပျိုးရာတွင် တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းပဲမျိုးစုံဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးဧကများလျာထားချက်ပြည့်မီကျော်လွန်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ ပြည့်ဝစွာပေးဝေသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တောင်သူများနှင့်တွေ့ဆုံ၍ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ၊ စိုက်နည်းစနစ်များ၊ အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်းများကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## စာပေဘဏ်တိုက် ရတနာသိုက်

* တတ်သိပညာ၊ အလိမ္မာကို
စာပေဖတ်ရှု၊ လေ့လာပြု၍
လူမှုဘဝ၊ ဖွံ့ဖြိုးရဖို့
စွမ်းစအားခွန်၊ လမ်းပြညွှန်သည်
ထူးချွန်စေရာ ရတနာ။

* စာပေဟူသည်၊ တိုင်းပြည်အတွက်
ခက်လက်ညွှန့်ဖူး၊ စွမ်းရည်ထူးကို
သောက်ရှူးကြယ်သွင်၊ ရှေ့သို့နှင်ဖို့
အားအင်ဖြိုးကြွယ်၊ လူငယ်အများ
လိုက်စားစေရာ ရတနာ။

* စာပေစွမ်းအား၊ သိဉာဏ်ပွား၍
မြင့်မားဘဝ၊ တင့်ကြွားရဖို့
ဗလငါးတန်၊ စွမ်းရည်မှန်ဖြင့်
တွေးကြံစဉ်းစား၊ လူငယ်များတို့
တိုးပွားပညာ၊ မြင့်မားရာတွက်
အနာဂတ်ရေး၊ ရည်မြော်တွေးဖို့
အလေးထားရာ ရတနာ။

* ကျယ်ပြောပညာ၊ အရာရာကို
လေ့လာဖို့ရာ၊ စုစည်းကာဖြင့်
စာပေဖတ်ရှု၊ တိုးတက်မှုတွက်
ညွှန်းပြုဖွယ်ရာ၊ ထိုနေရာကား
ရတနာသိုက် စာကြည့်တိုက်တည်း။ ။

**မောင်လေပြေ(တောင်တွင်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၀၇:၂၀ ဓမ္မပူဇာတေး
၃။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၄။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၅။ ၁၀:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၆။ ၁၁:၀၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၇။ ၁၃:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ
၈။ ၁၄:၀၀ မှတ်သားလိုက်နာပုံပမာ
၉။ ၁၅:၀၀ အဟောင်းထဲမှ အကောင်းဆုံးတေးသီချင်းများ
၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၁။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၅) သရုပ်ဆောင်-ခန့်စည်သူ၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-တင်အောင်စိုး(ပန်းမြို့တော်)**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့်သာရဏီယဩဝါဒကထာ



**ဆရာတော်အရှင်သူမြတ်တို့ဘုရား–**

သဗ္ဗညုဘုရားရှင်သည် လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား ၄၅ ဝါပတ်လုံးဟောကြားတော်မူအပ်သော အဆုံးအမဩဝါဒခေါ် သာသနာတော်မြတ်ကြီးသည် အစ၏ကောင်းခြင်း အာဒိကလျာဏဂုဏ်၊ အလယ်၏ကောင်းခြင်း မဇ္ဈေကလျာဏဂုဏ်၊ အဆုံး၏ကောင်းခြင်း ပရိယောသာနကလျာဏဂုဏ် (၃)ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် အလုံးစုံပြည့်စုံခြင်း ကေဝလပရိပုဏ္ဏဂုဏ်၊ အလုံးစုံထက်ဝန်းကျင်စင်ကြယ်ခြင်း ကေဝလပရိသုဒ္ဓဂုဏ်များ ရှိတော်မူပါသည်ဘုရား။ ထိုကျေးဇူးဂုဏ်ထူးများရှိတော်မူသော အဆုံးအမဩဝါဒခေါ် သာသနာတော်မြတ်ကြီးနှင့်ပတ်သက်၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ပထမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ်သက်တမ်းတိုင်အောင် ဆောင်ရွက်ခဲ့ပြီး ၄၅ နှစ် ခရီးစဉ်သို့ရောက်ရှိလာခဲ့ပြီဖြစ်သည်ကို သံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်များအားလုံး သိရှိတော်မူကြပြီးဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်များမှာလည်း အဆုံးအမဩဝါဒခေါ် သာသနာတော်မြတ်တည်းဟူသော ဓမ္မဝိနယများနှင့်ညီညွတ်သည့် သာမဂ္ဂ ယင်းဓမ္မဝိနယတို့နှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာ စသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လာခဲ့ကြခြင်းဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

အမှန်အားဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားရေးကိစ္စကြီးသည် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဝင် အရှင်မြတ်များအားလုံးနှင့်ဆိုင်သည့် အများဆိုင်လုပ်ငန်းကြီးဖြစ်၍ အားလုံးကပင် ဝိုင်းဝန်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်ပါသည်ဘုရား။ ထို့ပြင်မက ဘုရားရှင်လက်ထက်တော်က ချီးမြှင့်တော်မူခဲ့သည့်အဓိပ္ပာယ်နှင့်ဖွင့်ဆိုပါက ဘုရားရှင်၏ တပည့်သာဝက ရဟန်း၊ သာမဏေ၊ သီလရှင်၊ ဥပါသကာ၊ ဥပါသိကာမတို့ အပါအဝင် ဗုဒ္ဓဘာသာဝင်တိုင်း၏ စုပေါင်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ကြီးတစ်ရပ်ဟု ဆိုနိုင်ပါသည်ဘုရား။ ထိုသို့ စုပေါင်းညီညာဆောင်ရွက်ကြမှသာလျှင် အရှင်မဟာကဿပမဟာထေရ်မြတ်ကြီး၏ ဦးတည်ချက်လည်း အောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။ ထိုဦးတည်ချက်နှင့်ပတ်သက်၍ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ စာမျက်နှာ ၂၆ ၌

**“ ဣဒံ မဟာကဿပတ္ထေရေန ဒသဗလဿ သာသနံ**
**ပဉ္စဝဿ သဟဿပရိမာဏကာလံ ပဝတ္တန သမတ္ထံ ကတံ၊**

ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် သဗ္ဗညုဘုရားရှင်၏ ဤ သာသနာတော်မြတ်ကို အနှစ်ငါးထောင်အတိုင်းအရှည်ရှိသော ကာလပတ်လုံး ဖြစ်ထွန်းတည်တံ့စေခြင်းငှာ စွမ်းနိုင်ခြင်းကိုပြုခဲ့လေပြီ” ဟူသော ဦးတည်ချက်ကို တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင်များအနေဖြင့် စုပေါင်းညီညာဆောင်ရွက်နိုင်မှသာလျှင် ဖြည့်ဆည်းနိုင်ကြမည်ဖြစ်ပြီး အနာဂတ်သာသနာတော်ကြီးသည်လည်း လျှောက်ထားခဲ့ပြီးသည့် ကေဝလပရိပုဏ္ဏဂုဏ်၊ ကေဝလပရိသုဒ္ဓဂုဏ်များနှင့် ပြည့်စုံနိုင်မည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ပထမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ်သက်တမ်းပြည့်ကာ နဝမအကြိမ်သက်တမ်းသို့ ဝင်ရောက်လာပြီဖြစ်၍ အတွေ့အကြုံများရင့်ကျက်ပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်ဘုရား။ သာသနာတော်ဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားရန် ဦးတည်ချက်သက်သက်ဖြင့် ဆောင်ရွက်ရသည်ကို အဖွဲ့ဝင်ဆရာတော်တို့သိရှိတော်မူကြပြီးဖြစ်ပါသည်ဘုရား။ ထိုသို့ဆောင်ရွက်ကြရာတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဆောင်ရွက်ချက်များအပေါ်၌ အောင်မြင်မှု၊ အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကို ကာလသုံးပါးကိုမျှော်ရှု၍ ပြန်လည်လေ့လာသုံးသပ်ရန်လိုအပ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။ အောင်မြင်သောဆောင်ရွက်ချက်အပေါ်၌သာ ဂုဏ်ယူနေပြီး အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကိုမူ လျစ်လျူရှု၍မနေသင့်ကြောင်း သတိပြုကြစေလိုပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်မြတ်များသည် ဘုရားရှင်၏ တပည့်သား သံဃာတော်များဖြစ်ကြသည့်အားလျော်စွာ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်များကို ဖြည့်ကျင့်တော်မူကြသော သုပ္ပဋိပ္ပန္နပုဂ္ဂိုလ်မြတ်များလည်း ဖြစ်ကြပါသည်ဘုရား။ ထိုသို့ ဖြည့်ကျင့်ကြသော ဘုရားရှင်၏ တပည့်သား သံဃာတော်များ မျက်မှောက်ခေတ်တွင် ရှိနေကြခြင်းကြောင့် သာသနာတော်မြတ်ကြီးလည်း ကေဝလပရိပုဏ္ဏ ကေဝလပရိသုဒ္ဓဖြစ်တော်မူပြီး ယနေ့တိုင်အောင်တည်တံ့နေခြင်းဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သိက္ခာသုံးရပ်အကျင့်မြတ်ကို ဖြည့်ကျင့်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အချို့သောရဟန်းသာမဏေတို့သည် အလေးအမြတ်ထားတော်မမူဘဲ သမဏသာရုပ္ပမဖြစ်သော ဌာနနေရာတို့၌ မအပ်မရာဖြစ်သော အမှုကိစ္စများကိုဆောင်ရွက်နေကြသဖြင့် သာသနာတော်၏ဘုန်းကျက်သရေတန်ခိုးတော်လည်း ညစ်နွမ်းညှိုးမှိန်စေပါသည်ဘုရား။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၄၅၊ ၄၆ ၌ သီလသိက္ခာဖြည့်ကျင့်ခြင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားရာ လိုရင်းအဓိပ္ပာယ်သဘောအနေဖြင့် ဖော်ပြပါအတိုင်းလျှောက်ထားလိုပါသည်ဘုရား–

- သီလသိက္ခာပြည့်စုံပြီး ပရိယတ်မပြည့်စုံသူကို ချီးမွမ်းအပ်၏။
- သီလသိက္ခာမပြည့်စုံ ပရိယတ်ပြည့်စုံသူကို ကဲ့ရဲ့အပ်၏။
- သီလသိက္ခာနှင့်ပရိယတ်(၂)ပါးစုံ မပြည့်စုံသူကို ကဲ့ရဲ့အပ်၏။
- သီလသိက္ခာနှင့်ပရိယတ်(၂)ပါး ပြည့်စုံသူကို ရွှေစင်တုံးကဲ့သို့ လူသာမက နတ်ဗြဟ္မာများပင် ချီးမွမ်းအပ်ကုန်၏။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

အထက်ပါ ဒေသနာတော်အရ သီလ သိက္ခာနှင့်ပြည့်စုံမှုသည် ပဓာန အဓိကဖြစ်ကြောင်း သိရှိရသကဲ့သို့ ထိုထက်ပဓာနကျလိုပါက သီလ သိက္ခာနှင့် ပရိယတ်(၂)ပါးစုံ ပြည့်စုံရန် လိုအပ်မည်ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ သံဃာ့အဖွဲ့အစည်းဝင်အားလုံးတို့သည် မိမိတို့အတွက် အဓိကကျသော သီလ သိက္ခာကို အလေးအမြတ်ထားဖြည့်ကျင့်တော်မူကြလျှင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းစဉ်ကြီးအတွက် အထူးကြောင့်ကြစိုက်ဖွယ်မရှိသည့်အပြင် **“အပ္ပသန္နာနံ ဝါ ပသာဒါယ၊ ပသန္နာနံ ဝါ ဘိယျောဘာဝါယ”**ဒေသနာတော်အတိုင်း မကြည်ညိုသေးသူများ ကြည်ညိုလာပြီး၊ ကြည်ညိုပြီးသူများ ပို၍ကြည်ညိုလာကြမည်ဖြစ်ပါသည်ဘုရား။ ထိုကြည်ညိုလာမှုသည်ပင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ အဓိကအကြောင်းရင်းဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးအပါအဝင် ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့အဆင့်ဆင့်တို့သည် မြတ်စွာဘုရားရှင်၏ အဆုံးအမသာသနာတော်မြတ်ကြီး ကေဝလပရိပုဏ္ဏ၊ ကေဝလပရိသုဒ္ဓဂုဏ်တော်များနှင့်ပြည့်စုံစေရန် စွမ်းအားရှိသမျှကြိုးစားအားထုတ်ရမည့်အဖွဲ့များ ဖြစ်ပါသည်ဘုရား။ ခေတ်ကာလအားလျော်စွာ တိုးတက်လာသော အသစ်အသစ်သော လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်စေမူ၍ အားနည်းချက်၊ အားသာချက်များကို စေ့ငုဝေဖန်ကာ မြတ်ဗုဒ္ဓ၏အဆုံးအမသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် မိမိတို့အပေါ်ကျရောက်လာသည့် တာဝန်အသီးသီးနှင့်စပ်လျဉ်း၍ “ငါ့အား သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခွင့်ပေးခြင်းဖြစ်ပေသည်” ဟု သဘောထားတော်မူကြပြီး သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိကို စောင်းကြိုးညှိသကဲ့သို့ ညီအောင်ညှိ၍ ဆောင်ရွက်တော်မူကြပါဟုလျှောက်ထားရင်း တပည့်တော်၏ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည်ဆရာတော်အရှင်သူမြတ်တို့ဘုရား။

# မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁ / ၂၀၂၅) သင်တန်းဆင်းပွဲကျင်းပ



ရွှေညောင် မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ရွှေညောင်နယ်မြေမီးသတ်စခန်း၌ ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အုပ်ချုပ်ရေးမှူး ဦးနေဇလက သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းကို ပရဟိတလူမှုရေးအသင်းအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ၊ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးတက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၈ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ဇော်မျိုး(မြဝတီ)

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကျင်းပ



ရန်ကုန် မတ် ၂

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများနှင့် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော ပရိယတ်တော်၊ သုတ်တော်၊ ဒေသနာတော်များ ပါဠိမြန်မာပြန်စာအုပ်များကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသောဆရာတော်အားလုံးက **"သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ"** အစချီသော ၂ ဂါထာကို တညီတညွတ်တည်း ၃ ကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

ဆက်လက်၍ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးကျင်းပမည့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ ၂၀၂၅ ခုနှစ် မတ် ၂၊ ၃၊ ၄ ရက်များအတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ၊ ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ် ဒေဝကုန္ဒရီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တထေရာနန္ဒ၊ မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာသနနှင့် စလင်းမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုတို့၏ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ (၁၀)တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ၁၃၈၅ ခုနှစ် တပေါင်းလမှ ၁၃၈၆ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများနှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယကလည်းကောင်း ဖတ်ကြားတင်သွင်းလျှောက်ထားပြီး မွန်းလွဲပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင်၊ ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု အမှတ် (၂၄၀)ကုန်စျေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

◆ **ကျောဖုံးမှအဆက်**

၅၇၆၄၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းပြီးဖြစ်သည့် စပါးတစ်ဧကလျှင် ၈၉ ဒသမ ၂၁ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ စပါးလျာထားဧက ၆၈၂၈၇ ဧကကို ပြန်လည်ရိတ်သိမ်းခဲ့တာ ဒီနေ့အထိ ၅၇၆၄၇ ဧက ပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေ မိုးစပါးတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သွင်းအားစုတွေရရှိဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့ တခြားဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဒေါ်အေးအေးမူကပြောသည်။

သာပေါင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ရွှေ့ခရုဖျက်ဆီးမှုမရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် အဓိကကျကြောင်း၊ စားရေရိက္ခာဖူလုံ ပိုလျှံမှုရှိမှသာ တိုင်းပြည်သာယာဝပြောမည်ဖြစ်သည်။ စားရေရိက္ခာနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်စပါးသည် ပြည်တွင်း၌ ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိရာ သာပေါင်းမြို့နယ်မှ တောင်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းဈေးကွက်၌ ဆန်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့်အပြင် ပြည်ပသို့တင်ပို့နိုင်ရေးအတွက်လည်းအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**

---

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သောစီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှချေးငွေသက်တမ်း ၁ နှစ်(အတိုးနှုန်း၁ %)ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ချေးငွေများထုတ်ချေးခဲ့သည့်အတွက် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်၍ ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် အတိုး၊ အရင်းလုံးဝမပေးဆပ်သည့်ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ပထမအကြိမ်အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်း ၄၈၆ ခုအား ကုမ္ပဏီ/လုပ်ငန်းအမည်၊ လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာအပြည့်အစုံတို့ဖြင့် သတင်းစာတွင် ကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**

---

## ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ပြီး ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးတောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဓနုဖြူမြို့နယ်၌ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ကန်စွန်းဥအပါအဝင် တခြားရာသီပေါ်သီးနှံများလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်သူတစ်ဦးလျှင် ကန်စွန်းဥတစ်ဧကမှ ငါးဧကအထိ စိုက်ပျိုးကြကြောင်း၊ ထိုသို့ ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းစတင်ကပ်လှူခြင်း မင်္ဂလာအခမ်းအနားနှင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပ




နေပြည်တော် မတ် ၂

လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း စတင်ကပ်လှူခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် စေတီတော်မြတ်ကြီး၏ ဓမ္မာရုံ၌ ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ စေတီတော်မြတ်ကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည့် ရွှေဆိုင်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက အလှူငွေများကို လှူဒါန်းကြရာ ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်စိုးက လက်ခံရယူပြီး ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးကဏ္ဍ စံပြခရိုင်ဆုရရှိသည့် လယ်ဝေးခရိုင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက မွေးမြူရေးကဏ္ဍ စံပြခရိုင်ဆုရရှိသည့် ဥတ္တရခရိုင်၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက စိုက်ပျိုးရေးကဏ္ဍ စံပြမြို့နယ်ဆုရရှိသည့် လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက မွေးမြူရေးကဏ္ဍ စံပြမြို့နယ်ဆုရရှိသည့် တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက စိုက်ပျိုးရေးကဏ္ဍ စံပြကျေးရွာဆုရရှိသည့် သစ်စိမ့်ပင်ကျေးရွာ၊ နေပြည်တော်ကောင်စီဝင်ဦးဟန်သူက မွေးမြူရေးကဏ္ဍ စံပြကျေးရွာဆုရရှိသည့် ဒယောက်ကူးကျေးရွာတို့ကို ဆုများပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် စံပြခရိုင်၊ စံပြမြို့နယ်၊ စံပြကျေးရွာများ၏ Video Clip များနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် စံပြခရိုင်၊ စံပြမြို့နယ်၊ စံပြကျေးရွာများ၏ Video Clip ကို ပြသသည်။

ထို့နောက် ရွှေတောင်ဆီစက်လုပ်ငန်းမှ တောင်သူ ၃၅၀ အတွက် ပဲပုပ်ဆီ တစ်လီတာဘူးများကို တောင်သူများအား ပေးအပ်ပြီး အထွေထွေမန်နေဂျာ ဦးကျော်ကျော်က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပသည့် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025)တွင် တောင်သူပညာပေးဆွေးနွေးပွဲနှင့် စိုက်ပျိုးရေးဆိုင်ရာ ဉာဏ်စမ်းပဟေဠိအဖြေညှိအစီအစဉ်ကို တက်ရောက်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာစီမံကိန်းအပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)သို့သွားရောက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့ဝင်များနှင့်နေပြည်တော်ကောင်စီရုံး လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာ ခေါက်ဆွဲခြောက်ထုပ်များနှင့် ကြက်ဥများပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025)တွင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆွေးနွေး




နေပြည်တော် မတ် ၂

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပလျက်ရှိသည့် "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025) ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ ပြပွဲတွင် စိုက်ပျိုးရေးပညာရှင်များက ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာရပ်များ ရှင်းလင်းဆွေးနွေးပြီး မျိုးဝါစေ့မှ အမွှေးများကို အက်စစ်ဖြင့်ချွတ်ခြင်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသသည်။

အဆိုပါ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆွေးနွေးပွဲသို့ လာရောက်လေ့လာကြသည့် တောင်သူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဝါသီးနှံစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး နည်းပညာများ၊ သီးနှံများရေရရှိရေး ဆောင်ရွက်ရန်နည်းလမ်းများနှင့် မြေဆီလွှာအာဟာရပြည့်မီရေး ဆောင်ရွက်သင့်သည့်အချက်များ၊ အရည်အသွေးကောင်း ဝါဂွမ်းထွက်ရှိရေးအတွက် ဝါကောက်ချိန်တွင် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက်စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများက ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန်နည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် ဝါမျိုးစေ့ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ၊ အပင်အာဟာရဓာတ်ရရှိရေး ဆောင်ရွက်ရန်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး အပင်ပေါက်နှုန်း ပိုမိုကောင်းမွန်စေရေးအတွက် မျိုးဝါစေ့မှ အမွှေးများကို အက်စစ်ဖြင့်ချွတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်အား လက်တွေ့ပြသသည်။

ထို့နောက် နေပြည်တော်၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးတို့နှင့် ရှမ်းပြည်နယ်တို့မှ တောင်သူ ၃၁၀ နှင့် လေ့လာရေးအဖွဲ့များသည် "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025)တွင် စိုက်ပျိုးပြသထားသည့် သီးနှံစိုက်ကွက်များနှင့် ဝါသီးနှံစိုက်ခင်းများ၊ ဌာနနှင့် ပုဂ္ဂလိကပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြရာ ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးပညာရှင်များက လိုက်ပါရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# အမိနိုင်ငံ၏စစ်မှန်သောအား

**ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)**

❒ **နိုင်ငံ၏အား ကြံ့ခိုင်မြင့်မားလာခြင်း၏ မူလပင်မအကြောင်းအရာမှာ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ရပ်တည်နေကြသောကြောင့်ဖြစ် . . .**

❒ **အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံသားတိုင်းက အစဉ်ကြိုးပမ်းဆောင်ရွက်ပေးနေရမည်ဟုခံယူ . . .**

❒ **ယခုကဲ့သို့ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာရပ်တည်နေနိုင်ခြင်းသည် မိမိတို့နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့်အမျိုးသားရေးစရိုက်လက္ခဏာများကြောင့်ဖြစ် . . .**

## နိုင်ငံ၏အားဆိုသည်မှာ

နိုင်ငံ၏အားသည် ပြည်တွင်းမှာသာရှိသည်ဟုအဆိုရှိသည်။ နိုင်ငံ၏အားဆိုသည်မှာ နိုင်ငံအတွင်းမှီတင်းနေထိုင်သောနိုင်ငံသားများကို ဆိုလိုခြင်းဖြစ်သည်။ သို့သော် နိုင်ငံသားတိုင်းသည် နိုင်ငံ၏အားများမဟုတ်ကြ။ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ရပ်တည်နေကြသူများကသာ နိုင်ငံ၏အားများဖြစ်ကြသည်။ အမိနိုင်ငံအပေါ် မှားယွင်းသောယုံကြည်ချက်၊ ခံယူချက်များဖြင့်ရပ်တည်နေကြသူများသည် နိုင်ငံ၏အားများမဟုတ်ကြပါ။ နိုင်ငံအားပျက်စီးအောင် ဖျက်ဆီးမည့် အဖျက်သမားများသာဖြစ်ကြသည်။ နိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ဖြင့် ရပ်တည်နေသောနိုင်ငံသားများသည် အမိနိုင်ငံအတွက် ကောင်းကျိုးအဖြာဖြာကိုဆောင်ရွက်ပြီး ဆိုးကျိုးအဖြာဖြာကို ကာကွယ်တားဆီးပေးသည်။ ဤသို့မှန်ကန်မွန်မြတ်စွာ ကြိုးပမ်းဆောင်ရွက်နေမှုများကြောင့် နိုင်ငံ၏အားကြံ့ခိုင်လာသည်။ ဤအချက်ကို နှလုံးသွင်းဆင်ခြင်ပြီး ကျွန်ုပ်တို့သည် အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် အစဉ်ရပ်တည်နေကြရမည်။ ဤသို့ရပ်တည်ပြီး အမိနိုင်ငံအတွက် ကောင်းကျိုးအဖြာဖြာကိုဆောင်ရွက်ပြီး ဆိုးကျိုးအဖြာဖြာကို ကာကွယ်တားဆီးပေးနေရမည်။ ဤသို့မှန်ကန်မွန်မြတ်စွာ အစဉ်ကြိုးပမ်းဆောင်ရွက်နေပါက ကျွန်ုပ်တို့သည် အမိနိုင်ငံ၏အားများအဖြစ်သို့ ရောက်ရှိလာကြမည်ဖြစ်သည်။

## ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခြင်း၏အကျိုးတရား

မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်သည် မှန်ကန်သောအသိ၊ မှန်ကန်သောအယူအဆ၊ မှန်ကန်သောစဉ်းစားဆင်ခြင်မှုတို့ကိုအခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ဖြင့်ရပ်တည်နေခြင်းသည် အမိနိုင်ငံအပေါ် မှန်ကန်သောအသိ၊ မှန်ကန်သောအယူအဆ၊ မှန်ကန်သောစဉ်းစားဆင်ခြင်မှုတို့ဖြင့် ရပ်တည်နေခြင်းသဘောပင်ဖြစ်သည်။ ဤသို့ရပ်တည်နေမှုကြောင့် အမိနိုင်ငံအတွက် အမှားဟူသမျှကိုရှောင်၍ အမှန်ဟူသမျှကို ဆောင်ရွက်သည်။ မကောင်းမှုဟူသမျှကို ရှောင်၍ ကောင်းမှုဟူသမျှကိုဆောင်ရွက်သည်။ ထို့ကြောင့် အမိနိုင်ငံအနေဖြင့် ကောင်းကျိုးအဖြာဖြာကို ရရှိခံစားရသည်။ မိမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ဖြင့်ရပ်တည်ပါက ဖြစ်ပေါ်လာမည့် ကောင်းကျိုးတရားများစွာရှိသည်။ ယင်းတို့အနက်မှ အဓိကအချက်များကို အောက်ပါခေါင်းစဉ်များဖြင့် ဖော်ပြလိုသည်။

## နိုင်ငံ၏အား ကြံ့ခိုင်မြင့်မားလာခြင်း

အမိနိုင်ငံအပေါ် ကျွန်ုပ်တို့မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ဖြင့်ရပ်တည်ပါက ဖြစ်ပေါ်လာမည့် ကောင်းကျိုးတစ်ခုမှာ အမိနိုင်ငံ၏အား ကြံ့ခိုင်မြင့်မားလာခြင်းဖြစ်သည်။ မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် တညီတညွတ်တည်း ရပ်တည်နေမှုကြောင့် တစ်ဦးနှင့်တစ်ဦး အသိ၊ အယူအဆ၊ စဉ်းစားဆင်ခြင်မှုခြင်း ခြားနားမှုမရှိတော့ဘဲ တူညီလာကြသည်။ ဤသို့ အသိ၊ အယူအဆ၊ စဉ်းစားဆင်ခြင်မှုခြင်းတူညီမှုရှိခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိလာကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိနေခြင်းကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်အားကိုးလာကြသည်။ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်အားကိုးနေမှုကို အကြောင်းပြု၍ အချင်းချင်းစည်းလုံးလာကြသည်။ အချင်းချင်းစည်းလုံးမှုကိုအကြောင်းပြု၍ နိုင်ငံ၏အား ကြံ့ခိုင်မြင့်မားလာသည်။ ဤသို့ နိုင်ငံ၏အား ကြံ့ခိုင်မြင့်မားလာခြင်း၏ မူလပင်မအကြောင်းအရာမှာ အမိနိုင်ငံအပေါ်မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ရပ်တည်နေကြသောကြောင့်ဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ခိုင်မာပြတ်သားစွာ ရပ်တည်နေသည်နှင့်အမျှ အမိနိုင်ငံ၏အားသည် ကြံ့ခိုင်မြင့်မား၍နေမည်ဖြစ်သည်။

## နိုင်ငံတည်ငြိမ်အေးချမ်းလာခြင်း

အမိနိုင်ငံအပေါ် ကျွန်ုပ်တို့မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်ဖြင့် ရပ်တည်ပါကဖြစ်ပေါ်လာမည့်ကောင်းကျိုးတစ်ခုမှာ အမိနိုင်ငံတည်ငြိမ်အေးချမ်းလာခြင်းဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် တညီတညွတ်တည်း ကျွန်ုပ်တို့ရပ်တည်နေမှုကြောင့် စိတ်ဝမ်းကွဲပြားမှုမရှိတော့ဘဲ တစ်စိတ်တစ်ဝမ်းတည်းဖြစ်လာကြသည်။ တစ်စိတ်တစ်ဝမ်းတည်းရှိနေမှုကြောင့် အချင်းချင်းညီညွတ်ချစ်ခင်လာကြသည်။ အချင်းချင်းညီညွတ်ချစ်ခင်နေမှုကြောင့် အချင်းချင်းအပြန်အလှန်ကူညီပေးမှု၊ ကာကွယ်စောင့်ရှောက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်လာကြသည်။ အမိနိုင်ငံ ကြုံတွေ့နေရသော ပြဿနာအခက်အခဲ၊ အကျပ်အတည်း အန္တရာယ်များကို တက်ညီလက်ညီ စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းကြသည်။ ဤသို့အသိတရားကြီးမားစွာ ကြိုးပမ်းဆောင်ရွက်နေမှုများကြောင့် အမိနိုင်ငံ တည်ငြိမ်အေးချမ်းလာသည်။ ဤသို့ အမိနိုင်ငံတည်ငြိမ်အေးချမ်းလာခြင်း၏ မူလပင်မအကြောင်းတရားမှာ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ရပ်တည်နေကြသောကြောင့်ဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ခိုင်မာပြတ်သားစွာ ရပ်တည်နေသည်နှင့်အမျှ အမိနိုင်ငံ တည်ငြိမ်အေးချမ်းနေမည်ဖြစ်သည်။

## နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်း

အမိနိုင်ငံအပေါ် ကျွန်ုပ်တို့မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်ဖြင့်ရပ်တည်ပါက ဖြစ်ပေါ်လာမည့် ကောင်းကျိုးတစ်ခုမှာ အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့်ရပ်တည်နေမှုကြောင့် အမိနိုင်ငံအား မိမိတို့၏အသက်ထက် ပိုမိုလေးစားတန်ဖိုးထားမြတ်နိုးသည်။ မိမိတို့ယခုကဲ့သို့ တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ခြင်းသည် အမိနိုင်ငံတည်ရှိနေသောကြောင့်ဖြစ်သည်ဟု ယုံကြည်သည်။ အမိနိုင်ငံသည် မိမိတို့နိုင်ငံသားများ၏ဘဝ၊ အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်လျှင် မိမိတို့၏ဘဝလည်း ဖွံ့ဖြိုးတိုးတက်မည်။ အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံသားတိုင်းက အစဉ်ကြိုးပမ်းဆောင်ရွက်ပေးနေရမည်ဟု ခံယူသည်။ ဤသို့ ယုံကြည်ချက်၊ ခံယူချက်အတိုင်း မိမိတို့၏ဘဝအချိန်နှင့်ကာလများကို အမိနိုင်ငံအကျိုးအတွက် အပြည့်အဝအသုံးချသည်။ အမိနိုင်ငံကောင်းကျိုးအတွက် စွန့်လွှတ်စွန့်စားမှုအမျိုးမျိုး၊ ပေးဆပ်အနစ်နာခံမှုအမျိုးမျိုးကို ပြုလုပ်ကြသည်။ ဤသို့စိတ်ဓာတ်မြင့်မားစွာ စွမ်းအားကုန်ကြိုးပမ်းဆောင်ရွက်နေမှုများကြောင့် အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာသည်။ ဤသို့အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရခြင်း၏ မူလပင်မအကြောင်းတရားမှာ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ရပ်တည်နေကြသောကြောင့်ဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ ခိုင်မာပြတ်သားစွာရပ်တည်နေသည်နှင့် အမျှ အမိနိုင်ငံဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

## နိုင်ငံနှင့်လူမျိုး၏ စိတ်ဓာတ်ကြံ့ခိုင်လာခြင်း

အမိနိုင်ငံအပေါ် ကျွန်ုပ်တို့မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ဖြင့်ရပ်တည်ပါက ဖြစ်ပေါ်လာမည့် ကောင်းကျိုးတစ်ခုမှာ နိုင်ငံနှင့်လူမျိုး၏စိတ်ဓာတ်ကြံ့ခိုင်မြင့်မားလာခြင်းဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ရပ်တည်နေမှုကြောင့် လောကနှင့်ပတ်ဝန်းကျင်ကြီး၏ ဖိအားပေးမှု၊ ခြိမ်းခြောက်မှု၊ အတားအဆီးအနှောင့်အယှက်အမျိုးမျိုး ပေးမှု စသည်တို့ကို အရှုံးမပေးဘဲ ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ပြီး အမိန့်၊ တာဝန်၊ ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာဆောင်ရွက်သည်။ လောကနှင့်ပတ်ဝန်းကျင်ကြီးက မည်သို့ပင်စည်းရုံးသိမ်းသွင်းမက်လုံးပေးနေစေကာမူ အမိနိုင်ငံအပေါ်စောင့်သိရမည့်သစ္စာ၊ ထိန်းသိမ်းရမည့်ကျင့်ဝတ်၊ ပေးဆပ်ရမည့် ကျေးဇူးတရားများကို အကျေပေးဆပ်သည်။ မည်သို့သော အခြေအနေအမျိုးမျိုးနှင့် ကြုံတွေ့နေရစေကာမူ တာဝန်နှင့်ဂုဏ်သိက္ခာကို မစွန့်လွှတ်ဘဲ အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်သည်။ အသက်ရှင်သန်ရေးအတွက် မိမိ၏မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်ကို စွန့်လွှတ်ပစ်ပယ်သူအဖြစ် ရက်ဖွယ်ကောင်းစွာ မရပ်တည်ဘဲ မိမိ၏မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်အတွက် အသက်ကိုစွန့်လွှတ်သူအဖြစ် ဂုဏ်ယူဖွယ်ကောင်းစွာ ရပ်တည်သည်။ ဤသို့ခိုင်မာပြတ်သားသောစိတ်ဓာတ်များဖြင့် အစဉ်ရပ်တည်နေမှုကြောင့် နိုင်ငံနှင့်လူမျိုးစိတ်ဓာတ် ကြံ့ခိုင်မြင့်မားလာသည်။ ဤသို့နိုင်ငံနှင့်လူမျိုး၏စိတ်ဓာတ် ကြံ့ခိုင်မြင့်မားလာရခြင်း၏ မူလပင်မအကြောင်းတရားမှာ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ရပ်တည်နေကြသောကြောင့်ဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ ခိုင်မာပြတ်သားစွာ ရပ်နေသည်နှင့်အမျှ အမိနိုင်ငံနှင့်လူမျိုး၏စိတ်ဓာတ်သည် ကြံ့ခိုင်မြင့်မားနေမည်ဖြစ်သည်။

## နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာ မြင့်မားလာခြင်း

အမိနိုင်ငံအပေါ် ကျွန်ုပ်တို့မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်ဖြင့်ရပ်တည်ပါက ဖြစ်ပေါ်လာမည့်ကောင်းကျိုးတစ်ခုမှာ နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာ မြင့်မားလာခြင်းဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ရပ်တည်နေမှုကြောင့် မည်သည့်အမှားကိုမျှ မကျူးလွန်ဘဲ အမှန်ဟူသမျှကို ရွေးချယ်ပြုမူဆောင်ရွက်သည်။ ဤသို့ မှန်ကန်စွာအမှားဟူသမျှကို ရှောင်၍ အမှန်ဟူသမျှကို ဆောင်ရွက်နေမှုကြောင့် အသိပညာမြင့်မားသော နိုင်ငံနှင့်လူမျိုးအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ထို့အတူ ချမှတ်ပေးထားသော ရည်မှန်းချက်ပန်းတိုင်၊ လုပ်ငန်းတာဝန်ဟူသမျှကို အခက်အခဲအမျိုးမျိုးကြားမှ သတ်မှတ်လျာထားချက်ထက် များစွာကျော်လွန်အောင်ဆောင်ရွက်သည်။ ဤသို့ စွမ်းစွမ်းတမံအောင်မြင်စွာ ဆောင်ရွက်နေမှုများကြောင့် စွမ်းရည်မြင့်မားသောနိုင်ငံနှင့်လူမျိုးအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ထို့အတူ အဆုံးအမတရားများနှင့်အညီ မကောင်းမှုမှန်သမျှကိုရှောင်၍ ကောင်းမှုမှန်သမျှကို မပျက်မကွက်ဆောင်ရွက်သည်။ မိမိစောင့်သိရမည့်သစ္စာ၊ မိမိပေးထားသော ကတိများကို မည်သည့်အခါမှ မဖောက်ဖျက်ဘဲ တိကျစွာလိုက်နာပြုမူသည်။ ဤသို့ပြုမူနေခြင်းကြောင့် ရိုးသားတည်ကြည်ဖြောင့်မတ်သော နိုင်ငံနှင့်လူမျိုးအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ဤကဲ့သို့ အသိအမှတ်ပြုခံရခြင်းသည် နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာမြင့်မားလာခြင်းဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ▸▸

▸▸စာမျက်နှာ ၁၃ မှအဆက်

ဤသို့ နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ မြင့်မားလာရခြင်း၏မူလပင်မအကြောင်းတရားမှာ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ရပ်တည်နေကြသောကြောင့်ဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ခိုင်မာပြတ်သားစွာ ရပ်တည်နေသည်နှင့်အမျှ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာသည် မြင့်မား၍နေမည်ဖြစ်သည်။

## ယဉ်ကျေးမှုနှင့် အမျိုးသားရေး တည်တံ့ခိုင်မြဲရေး

အမိနိုင်ငံအပေါ် ကျွန်ုပ်တို့မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်ဖြင့်ရပ်တည်ပါက ဖြစ်ပေါ်လာမည့် ကောင်းကျိုးတစ်ခုမှာ နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့်အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်မပျက်ဘဲ ဆက်လက်တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သောယုံကြည်ချက်၊ ခံယူချက်များဖြင့် ရပ်တည်နေမှုကြောင့် မိမိတို့၏ယဉ်ကျေးမှုနှင့်အမျိုးသားရေးစရိုက်လက္ခဏာများကို အသက်တမျှ လေးစားတန်ဖိုးထားမြတ်နိုးသည်။ မိမိတို့ ယခုကဲ့သို့ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေနိုင်ခြင်းသည် မိမိတို့နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကြောင့်ဖြစ်သည်ဟု အလေးအနက်ယုံကြည်သည်။ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ တဖြည်းဖြည်းတိမ်ကောပပျောက်နေခြင်းသည် နိုင်ငံနှင့်လူမျိုး တိမ်ကောပပျောက်မည့် ရှေ့ပြေးနိမိတ်ဖြစ်သည်။ ထို့ကြောင့် မပျက်မကွက် ထိန်းသိမ်းနေရမည်ဟုခံယူသည်။ ဤသို့ ယုံကြည်ချက်၊ ခံယူချက်အတိုင်း မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများကို စွမ်းအားကုန် ကာကွယ်စောင့်ရှောက်သည်။ တိုင်းတစ်ပါးယဉ်ကျေးမှုများ၏ လွှမ်းမိုးမှုမှန်သမျှကို အသိသတိကြီးစွာ ကာကွယ်တားဆီးသည်။ ဤသို့ကာကွယ်တားဆီးနေမှုကြောင့် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ပျောက်ပျက်မသွားဘဲ ဆက်လက်တည်တံ့ခိုင်မြဲနေသည်။ ဤသို့ ဆက်လက်တည်တံ့ခိုင်မြဲနေရခြင်း၏မူလပင်မအကြောင်းတရားမှာ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ရပ်တည်နေကြသောကြောင့်ဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကျွန်ုပ်တို့ ခိုင်မာပြတ်သားစွာ ရပ်တည်နေသည်နှင့်အမျှ နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ပျောက်ပျက်မသွားဘဲ ဆက်လက်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

## ကျွန်ုပ်တို့သည်သာ အမိနိုင်ငံ၏အား

နိဂုံးချုပ်အားဖြင့် ဖော်ပြလိုသည်မှာ ကျွန်ုပ်တို့အားလုံး အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် ခိုင်မာပြတ်သားစွာ အစဉ်ရပ်တည်နေကြပါက အမိနိုင်ငံအနေဖြင့် နိုင်ငံ၏အားကြွခိုင်မြင့်မားလာခြင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းလာခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံနှင့်လူမျိုး၏စိတ်ဓာတ်ကြံ့ခိုင်လာခြင်း၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာမြင့်မားလာခြင်း၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေး တည်တံ့ခိုင်မြဲခြင်းဟူသော အားများကို ပိုင်ဆိုင်လာသည်။ ဤသို့ အားအမျိုးမျိုးကို ပိုင်ဆိုင်လာမှုကြောင့် အမိနိုင်ငံအနေဖြင့် အင်အားကြံ့ခိုင်မြင့်မားလာသည်။ ဤသို့အင်အားကြံ့ခိုင်မြင့်မားသောနိုင်ငံအဖြစ် အစဉ်ထာဝရရပ်တည်သွားနိုင်ရန်အတွက် ကျွန်ုပ်တို့သည် အမိနိုင်ငံ၏အားများအဖြစ် အစဉ်ရပ်တည်ပေးနေရမည်။ အမိနိုင်ငံ၏အားအဖြစ် ရပ်တည်သွားနိုင်ရန်အတွက် ကျွန်ုပ်တို့ အစဉ်လိုက်နာကျင့်ကြံနေရမည့် နည်းလမ်းမှာ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် အစဉ်ထာဝရ ရပ်တည်ပေးနေခြင်းပင်ဖြစ်သည်။ အမိနိုင်ငံအပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များဖြင့် အစဉ်ထာဝရ ရပ်တည်နေသည်နှင့်အမျှ ကျွန်ုပ်တို့သည် အမိနိုင်ငံ၏အားဟူသောဘဝကို ဂုဏ်ယူဖွယ်ကောင်းစွာ ပိုင်ဆိုင်ထားနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# လယ်ဝေးမြို့နယ်၌ ပိုလီယိုရောဂါကာကွယ်ဆေး အရှိန်အဟုန်မြှင့်တိုက်ကျွေး



နေပြည်တော် မတ် ၂

နေပြည်တော်ကောင်စီနယ်မြေလယ်ဝေးမြို့နယ်အတွင်း အသက်နှစ်လမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေး အရှိန်အဟုန်မြှင့်တိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ်လ ၁ ရက်နံနက်ပိုင်းတွင် အမှတ်(၁)ရပ်ကွက်၌ တိုက်ကျွေးကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ခုတင်-၁၀၀ ဆေးရုံအုပ် ဒေါက်တာနန္ဒာကျော်က ပိုလီယိုရောဂါကာကွယ်ဆေးအရှိန်အဟုန်မြှင့်တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာသဇင်မြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်နှစ်လမှ ငါးနှစ်အထိ ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးသည်။

ထို့နောက် လယ်ဝေးမြို့နယ်အတွင်း ပိုလီယိုရောဂါကာကွယ်ဆေးကို ဆေးထိုးစုရပ် ၂၉၄ နေရာတွင် ရည်မှန်းကလေးငယ် ၂၁၄၇၆ ဦးအား အရှိန်အဟုန်မြှင့်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# စစ်တွေမြို့နယ်၊ ခေါင်းဒုက္ခာကျေးရွာရှိ ကယ်ဆယ်ရေးစခန်းမီးလောင်ကျွမ်းခဲ့မှုအား ပြန်လည်ထူထောင်ရေး၊ ယာယီနေရာချထားရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့အား လှည့်လည်ကြည့်ရှု



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့နယ်၊ ခေါင်းဒုက္ခာကျေးရွာရှိကယ်ဆယ်ရေးစခန်းမီးလောင်ကျွမ်းခဲ့မှုအား ပြန်လည်ထူထောင်ရေး၊ ယာယီနေရာချထားရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ခေါင်းဒုက္ခာကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ မတ်လ ၁ ရက် နံနက် ၂ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၂ စီး၊ ရေသယ်ယာဉ် ၃ စီး၊ တပ်မတော်ရေသယ်ယာဉ် ၁ စီးတို့နှင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ခေါင်းဒုက္ခာကျေးရွာကယ်ဆယ်ရေးစခန်းမှအလျား ၄၅ ပေ၊ အနံ ၁၈ ပေ(သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း)အဆောင် ၃၄ ဆောင်ရှိအလျား ၁၁ ပေ၊ အနံ ၉ ပေ (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း) အခန်း ၂၇၂ ခန်း မီးလောင်ကျွမ်းခဲ့သဖြင့် အိမ်ထောင်စု ၃၁၄ စုနှင့် လူဦးရေ ၂၁၄၉ ဦးတို့ မီးဘေးသင့်ခဲ့ရသည်။

ထိုသို့မီးလောင်မှုဖြစ်ပွားခဲ့သည့် ခေါင်းဒုက္ခာကျေးရွာကယ်ဆယ်ရေးစခန်းမီးလောင်ပြင်နေရာသို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မီးလောင်မှုကြောင့် ပျက်စီးမှုများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများက ဝိုင်းဝန်းရှင်းလင်းဖယ်ရှားနေမှု၊ မီးဘေးသင့် အိမ်ထောင်စုဝင်များအတွက် ယာယီနေထိုင်နိုင်ရန် ရွက်ဖျင်တဲများ ဆောင်ရွက်နေမှု၊ သောက်သုံးရေများဖြန့်ဝေနေမှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း(၁၆)မျိုးပါဝင်သည့် ပုံးတစ်ပုံးနှုန်းဖြင့် လူသုံးကုန်ပစ္စည်းပုံး ၃၁၄ ပုံးထောက်ပံ့ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ/ရပ်ဖများနှင့်တွေ့ဆုံ၍ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နယ်မြေခံတပ်မတော်သားများက စစ်တွေမြို့နယ် ခေါင်းဒုက္ခာကျေးရွာရှိ ကယ်ဆယ်ရေးစခန်းတွင် မီးလောင်မှုကြောင့် ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားပေးစဉ်။

---

❍ **ကျောဖုံးမှအဆက်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများကို စနစ်တကျ စာရင်းကောက်ယူခြင်းလုပ်ငန်းအား နေ့ချင်းပြီးဆောင်ရွက်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၄၇၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၁၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

(၁၀၀)

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မတ် ၂**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

---


**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**အသည်းရောင်အသားဝါ(အေ) ရောဂါ ကြိုတင်ကာကွယ်ပါ**

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

**ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ**

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

**ရောဂါလက္ခဏာများ**

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ (ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာ အသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး (၁၀)ရက်ကြာသည်အထိ အစားအသောက် ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

**ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။**

မတ်လ၊ ၂၀၂၅

❑ ရှေ့ဖုံးမှအဆက်

ခတ်ပုံရိုက်ကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် စိုက်ပျိုးပြသထားသည့်အိမ်ခြံဝင်းဟင်းခင်းပဒေသာ(Home Garden)၊ သစ်သီးဝလံပန်းမန်ဥယျာဉ်ကို လှည့်လည်ကြည့်ရှု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ လာရောက်လေ့လာသည့်ရုရှားသံရုံးမှတာဝန်ရှိသူတစ်ဦး၊ RUMA ORGANIC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့နှင့်တွေ့ဆုံပြီး ရုရှားရွက်ဖျန်းမြေဩဇာနှင့် ရုရှားနေကြာမျိုးများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးသည်။

ယင်းနောက် သဘာဝအပင်အာဟာရဆေးရည်များ၊ သဘာဝပိုးသတ်ဆေးများ၊ ပင်ကြား ကိုးလက်မ၊ တန်းကြား ၂ဒသမ ၅ပေ စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး



သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်က ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် မြောင်းမြပညာရေးဒီဂရီကောလိပ်မှကျောင်းသူလေးများ၏ကျေးလက်ရိုးရာအက၊ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Winner ဆုရှင် မဇင်သူသူထွန်း၏တောင်သူလယ်သမားနေ့ဂုဏ်ပြုတေးသီချင်း၊ မြောင်းမြခရိုင်ကရင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းမှ ကရင်ရိုးရာအက၊ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Winner ဆုရှင် မောင်စိုးထက်အောင်တို့၏တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စိုက်ပျိုးမွေးမြူရေးထူးချွန်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ထူးချွန်ဆုရတောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဘင်ခရာတပ်ဖွဲ့နှင့်ပန်းဖွားအကအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ပြခန်းများနှင့် လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွားကောက်စိုက်စက်နှင့် ဆယ်တန်းသွားမျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် တောင်သူများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာအတူတကွသုံးဆောင်ကြကာ ပညာအလင်္ကာတေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကိုကြည့်ရှုအားပေး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုရတောင်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ Real Live Show ပြသမှုများကို တက်ရောက်အားပေးပြီး စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယနေ့ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသည့် သီးနှံစုံစိုက်ခင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွားကောက်စိုက်စက်နှင့်ဆယ်တန်းသွားမျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းများ စိုက်ပျိုးပြသထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ဖွံ့ဖြိုးရေးသုတေသနပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၅၁ ခန်းဖွင့်လှစ်ပြသထားရှိကာ ပြခန်းများနှင့်ဆွေးနွေးပွဲများကို ယခုလ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားနှင့် တောင်သူနှီးနှောဖလှယ်ပွဲကျင်းပ

တောင်ကြီး မတ် ၂

(၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ အခမ်းအနားနှင့်တောင်သူနှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဖတ်ကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများ၊ တောင်သူအသင်းအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသောပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

၎င်းနောက်အခမ်းအနားဒုတိယပိုင်းကျင်းပရာ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ခမ်းကော်ဖီအုပ်စုအဖွဲ့နှင့် ဟိုပုံးမြို့နယ် မဲနယ်တောင်ကော်ဖီအုပ်စုအဖွဲ့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ကော်ဖီစေ့လှော်စက် ပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊



ပြည်နယ်မြေစာရင်းဦးစီးဌာန၊ ပြည်နယ်မြေအသုံးချရေး၊ ပြည်နယ်သီးနှံကာကွယ်ရေး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မိုင်းအင်၊ ဟဲဟိုး၊ နမ့်လတ်ဥယျာဉ်ခြံတာဝန်ခံများ၊ ထောပတ်၊ ရုရှားအာလူး၊ ကော်ဖီ၊ လက်ဖက်၊ သရက်စိုက်ပျိုးထုတ်လုပ်မှုများ အသီးသီး ဆွေးနွေးကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# လွိုင်ကော်မြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပ

လွိုင်ကော် မတ် ၂

(၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စိုက်ပျိုးမွေးမြူရေးတောင်သူများ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားသည်။




ထို့နောက်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးက မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက ငါးမွေးမြူရေးဆိုင်ရာကိစ္စရပ်များကို အသီးသီး ဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စပါးသီးနှံ၊ အစေ့ထုတ်ပြောင်းနှင့် နေကြာသီးနှံ ပထမဆုရရှိသည့်တောင်သူများကိုလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက စပါးသီးနှံ၊ အစေ့ထုတ်ပြောင်းနှင့်နေကြာသီးနှံ ဒုတိယဆုရရှိသည့်တောင်သူများကိုလည်းကောင်း၊ စီးပွားရေးရာဝန်ကြီးက စပါးသီးနှံ၊ အစေ့ထုတ်ပြောင်းနှင့် နေကြာသီးနှံ တတိယဆုရရှိသည့် တောင်သူများကိုလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးတောင်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး တောင်သူများက လိုအပ်သည်များကို တင်ပြရာ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အခမ်းအနားအပြီးတွင် နောင်ယား(က)ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြသပြီး တောင်သူများက စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် နွားလပိုးကျေးရွာအုပ်စု၊ ပဒါးညေးကျေးရွာ စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းစီမံကိန်း ရှင်းလင်းဆောင်၌ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးက စနစ်ကျလယ်မြေစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ မဖော်ထုတ်မီ၊ ဖော်ထုတ်ပြီးစီးမှုနှင့် အကျိုးပြုမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူးက လယ်ယာမြေဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား တောင်သူများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တောင်သူများက လယ်မြေစီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(၄၀၅)

# ရန်ကုန်တိုင်းဒေသကြီး (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ဘုရင့်နောင်ပန်းခြံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြစိမ်းရောင် အသားကဏ္ဍဖော်ဆောင်မှုတို့တွင် ထူးချွန်ဆုရရှိခဲ့သူများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး တောင်သူလယ်သမားနေ့အထိမ်းအမှတ်ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများပြပွဲတွင် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။



အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်(ခေတ္တ) ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးသက်ပိုင်ဇော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊ မြို့နယ်များမှတောင်သူလယ်သမားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

# ပဲခူးမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

ပဲခူး မတ် ၂

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ပညာယျစေတီတော်မြတ်ကြီးအနီး၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားအား စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်းရှိ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် အုတ်ဖိုမြို့နယ်မှ တောင်သူ ဦးတင်ရွှေ၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် ပေါင်းတည်မြို့နယ်မှ တောင်သူ ဦးစိန်ထွန်း၊ သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်ခရိုင်ပထမဆုရရှိသည့် နတ္တလင်းခရိုင်၊ သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်မြို့နယ် ပထမဆုရရှိသည့် ပေါင်းတည်မြို့နယ်နှင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲ ပြခန်းပထမဆုရရှိသည့် တောင်ငူခရိုင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများအား အသီးသီးချီးမြှင့်ပေးအပ်သည်။

ယင်းနောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်နှင့်အတွင်းရေးမှူးတို့က



မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ ချည်မျှင်ရှည်ဝါနှင့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရတောင်သူများ၊ သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဒုတိယ၊ တတိယဆုရရှိသည့် ထူးချွန်ခရိုင်/မြို့နယ်ဆုများ၊ အထူးဆုရရှိသည့် မြို့နယ်များ၊ ပေါင်းတည်မြို့နယ်နှင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်ဟင်းသီးဟင်းရွက်သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ပြခန်းဒုတိယဆုရရှိသည့် ပြည်ခရိုင်၊ တတိယဆုရရှိသည့် ပဲခူးခရိုင်နှင့် ပြခန်းအထူးဆုရရှိသည့်ခရိုင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီးချီးမြှင့်ပေးအပ်သည်။ ၎င်းနောက် ၂၀၂၃-၂၀၂၄ ခုနှစ် သီးနှံအထွက်နှုန်းအမြင့်ဆုံးရရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများက မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာအတွေ့အကြုံများအား အသီးသီးရှင်းလင်းပြောကြားခဲ့ပြီး သီးနှံစံပြစိုက်ခင်းများ၊ စားဖိုဆောင်သီးနှံစိုက်ခင်းများနှင့် တက်ရောက်လာသည့်တောင်သူများနှင့် ပဲခူးမြို့ တောင်သူလယ်သမားနေ့သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများကို စတုဒိသာကျွေးမွေးနေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး တောင်သူအသိပညာပေးဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပဲ၊ ပြောင်း၊ နှမ်း ကုန်သည်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့လုပ်ငန်းရှင်များမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ထူးချွန်ဆုရတောင်သူများ၊ ခရိုင်ခြောက်ခုမှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ၊ စက်မှုစိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၃၀၀ ဦးကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(၄၀၁)၊တင်စိုး(ပဲခူး)

# ဘားအံမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပ

ဘားအံ မတ် ၂

ဒေသတွင်းစားရေရိက္ခာဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် တောင်သူလယ်သမားဦးကြီးများ၏ စွမ်းဆောင်မှုကို ဂုဏ်ပြုမြှင့်တင်ပေးသောအားဖြင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ဖွဲကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။



ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြည်နယ်အတွင်း သီးနှံစိုက်စွမ်းအားထူးချွန်ဆု၊ မိုးစပါးသီးနှံ၊ အစေ့ထုတ်ပြောင်းသီးနှံ၊ မြေပဲသီးနှံ၊ နှမ်းသီးနှံ၊ ပဲတီစိမ်းသီးနှံ၊ မတ်ပဲသီးနှံ၊ ပဲပုပ်သီးနှံ၊ ကြံသီးနှံနှင့် ဟင်းသီးဟင်းရွက် ထူးချွန်တောင်သူများ၊ နွားမွေးမြူရေး၊ ဥစားကြက်မွေးမြူရေး၊ အသားတိုးကြက်မွေးမြူရေး၊ အသားတိုးဝက်မွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ ဘဲမွေးမြူရေးလုပ်ငန်းများတွင် မွေးမြူရေးထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြရာ စိုက်ပျိုးရေးထူးချွန်ဆုရရှိသူတစ်ဦးနှင့် မွေးမြူရေးထူးချွန်ဆုရရှိသူတစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထူးချွန်ဆုရတောင်သူလယ်သမားဦးကြီးများနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးကြပြီး တစ်ဦးချင်းရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားကာ ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 141 more illegal foreign nationals detained in Myanmar

NAY PYI TAW March 2

Through the trilateral cooperation between Myanmar, China, and Thailand, authorities are actively investigating and cracking down on individuals involved in online scams, online gambling, and the foreign nationals behind these operations.

As part of these efforts, 141 foreign nationals, who illegally entered Myanmar through border routes via neighboring countries, including Thailand, were identified and detained today. These individuals were found to have engaged in online gambling and online scams in Myawady-Shwe Kokko, Mae-htawthalay, and KK Park areas in Kayin State.

Relevant authorities are working to compile necessary personal information and records systematically to facilitate the swift and lawful repatriation of these individuals to their respective countries. This process is being carried out efficiently, with the aim of completing it within the day.

From January 30 to March 2, 2025, a total of 3,474 foreign nationals who entered Myanmar illegally have been identified and detained. Among them, 757 individuals have already been repatriated to their respective countries through Thailand, in accordance with legal procedures. The remaining 2,717 foreign nationals are being prepared for repatriation and well-managed and cared for as they await repatriation. **100**




141 illegal foreign nationals further detained.

# More than 1,300 acres of vegetables planted in Ayadaw Township

AYADAW March 2

Local farmers have grown 1,838 acres of vegetables in Ayadaw Township of Sagaing Region as cold season crops, according to the Monywa District Agriculture Department.

In 2024-2025 cold season, farmers have planted 1,383 acres of vegetables exceeding the target cultivation of 1,346 acres in Ayadaw Township.

Daw San San Myint, Head of Monywa District Agriculture Department revealed: "This cold season, farmers exceeded cultivation of vegetables on 1,383 acres of croplands more than the target cultivation of 1,346 acres. They emphasize cultivation of mustard, chilli, cucumber, tomato, potato, spicy, cabbage, eggplant, cauliflowers, broccoli, Chinese cabbage, ladyfinger and so on. Our department urges local farmers to grow and produce healthy crops with least chemical residue for safety consumption of the people."

This year, officials of the Township Agriculture Department conduct training courses for local farmers to enhance their capacity to be able to grow vegetables without any difficulties. Moreover, the department gives training to local farmers to apply GAP system and urges them to expand sown acreage of vegetables.

At present, vegetable plantations are thriving in Ayadaw Township. Hence, farmers earn increased incomes for their families. Officials of Township Agriculture Department help farmers use correct agricultural techniques, prevent pests and make natural fertilizers and pests with the use of raw materials obtained in the regions.

**SMK**

# More than 4,000 acres of chick pea planted in Shwebo Township

SHWEBO March 2

Statistics of Shwebo Township Agriculture Department stated that local farmers have so far planted 4,640 acres of winter chick pea in Shwebo Township of Sagiang Region.

This year, Shwebo Township earmarked 4,831 acres of chick pea in cold season of 2024-2025 but farmers have so far planted 4,640 acres of crops against the target cultivation.

U Hsan Oo, Head of Shwebo Township Agriculture Department disclosed: "Township authorities set a plan to grow more than 4,800 acres of chick pea in the township. Farmers have planted more than 4,600 acres of chick pea. Our department helped farmers meet the target cultivation. Sown acreage of chick pea is on the rise year by year. To have high quality of crops, officials of the department cooperate with local farmers in distribution of agricultural inputs and with post-harvest technology."

Farmers prefer to grow Yezin-8 and Yezin-11 strains of chick pea in Shwebo Township. They cost more than Ks-300,000 per acre of chick pea.

This year, the Township Agriculture Department cooperates with local farmers in using quality strains of crops and agricultural inputs, and post-harvest technology. In addition, officials of the Agriculture Department urged local farmers to use Trichoderma to increase per-acre yield of crops.

Sagaing Region is the largest pulses and beans sown acreage. Moreover, the region grow pulses and beans as main crops and operate the mixed cropping and double cropping.

**SMK**

# Farmers complete cultivation of onions as cold season crops on more than 1,000 acres

SAGAING March 2

Statistics of Sagaing Township Agriculture Department stated that a total of 1,912 acres of onion has been grown in Sagaing Township of Sagaing Region as cold season crops.

In 2024-2025 cold season, township authorities earmarked 1,802 acres of onion in Sagaing Township but farmers have planted 1,912 acres of crops exceeding the target cultivation.

U Myo Thant Aung, Head of Sagaing Township Agriculture Department commented: "This year, a plan is underway to grow 1,802 acres of inions in Sagaing Township this cold season but farmers have planted 1,912 acres of crops so far. They exceeded the target cultivation. They expand sown acreage of onions year by year. Our department helps local farmers with linkages of market to fetch good prices for onions."

Officials of the Township Agriculture Department seek market shares for onions of local farmers to get good prices, share the technologies with local farmers to keep onions for long term storage and urge them to use GAP system in growing onions to have quality crops.

Farmers cost some Ks-1.8 million per acre for growing onions. The crops yield some 5,000 viss per acre.

In Sagaing Region, the townships with the largest sown acreage of onions are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships. **SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Nyaungdon Township supplies 71,000 bags of Pakhan paddy to Yangon market

NYAUNGDON March 2

Merchants from Nyaungdon Township of Ayeyawady Region sold 71,000 bags of Pakhan paddy to Yangon market said Daw Yu Wai, the owner of rice and paddy trading wholesale centre in Nyaungdon Township.

Daw Yu Wai disclosed: "We sold 71,000 bags of Pakhan paddy to Yangon within one month. Such kind of paddy is high quality but it is a type of non-premium paddy strains. High demand from Yangon market rises trading of Pakhan paddy in Nyaungdon Township at good prices."

Pakhan paddy from Nyaungdon Township fetched Ks-1.78 million per 100 baskets at Yangon market last month. Due to good trading of Pakhan paddy, local farmers and merchants in addition to those in production chains are convenient in their livelihoods. **SK**



# Sagaing District grows some 10,000 acres of winter soya bean this cold season

SAGAING March 2

Statistics of Sagaing District Agriculture Department stated that farmers planted 9,963 acres of winter soya bean in Sagaing District of Sagaing Region.

Local authorities earmarked 10,300 acres of soya bean in the district in 2024-25 cold season. But, farmers planted 9,963 acres of crops.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "Authorities set a plan to grow 10,300 acres of soya bean in the district. But, farmers planted 9,963 acres of crops against the target cultivation. Our department helped farmers to grow the bean meeting the target cultivation. Moreover, we helped farmers prevent pests. In addition, our urged local farmers and officials to provide quality strains of seeds to farmers."

In Sagaing District, farmers planted 2,022 acres of soya bean in Sagaing Township, 718 acres in Myinmu Township and 7,223 acres in Myaung Township, totalling 9,963 acres.

But, local authorities earmarked cultivation of soya bean on 2,042 acres of croplands in Sagaing Township, 742 acres in Myinmu Township and 7,516 acres in Myaung Township, totalling 10,300 acres.

Officials of relevant township Agriculture Departments provided necessary quality strains of crops, agricultural techniques, prevention of pests and use of fertilizers to boost per-acre yield of crops.

This monsoon, relevant Township Agriculture Departments cooperate with local farmers to grow pulses and beans with the use of quality strains of crops, agricultural inputs and post-harvest technology. **SMK**

# Farmers exceed cultivation of cold season chickpea more than targeted acreage in Pwintbyu Township

PWINTBYU March 2

Local farmers have so far planted 56,051 acres of chickpea as cold season crops in Pwintbyu Township of Magway Region, according to the Pwintbyu Township Agriculture Department.

Township administrative authorities earmarked cultivation of 21,843 acres of chickpea as cold season crops in Pwintbyu Township but farmers have grown 56,051 acres of crops exceeding the target cultivation.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department unveiled: "We earmarked cultivation of more than 20,000 acres of crops in Pwintbyu Township. So far, farmers have planted over 50,000 acres of crops exceeding the target cultivation. Our department helped local farmers expand sown acreage of crops. As chickpea is fetching high piece at the market, farmers rely on chickpea as cold season crops."

Officials of the Township Agriculture Department carried out dissemination of agricultural knowledge to local farmers to use quality seeds suitable for the region, correct cultivation methods, prevention of pests, and making natural fertilizers and pesticides with the use of domestic raw materials.

If farmers produce chickpea with higher per-acre yield in the township, it can support local food security and export its surplus. If so, production and market demand will be in good balance. Moreover, it will contribute to improvement of socioeconomic life of the local farmers. **SK**

# US may launch Nord Stream 2 – FT

WASHINGTON March 2

US investors are backing a plan to activate Russia's Nord Stream 2 natural gas pipeline, the Financial Times has reported, citing sources. The conduit between Russia and Germany, which was never put into operation, may now serve as leverage in the ongoing Ukraine peace talks, the publication has suggested.

The deal is being set up by Matthias Warnig, former executive director of the Swiss-based Nord Stream 2 operator, FT claimed on Sunday. Unnamed US investors are supporting the plan in a "once unthinkable move that shows the breadth of [US President] Donald Trump's rapprochement with Moscow," the outlet wrote.

During his first term in office, Trump was critical of Nord Stream 2, targeting it with sanctions. In an interview in October, he even boasted that his actions had "killed" the project.

Since the outset of his second term in office, however, Trump has initiated a notable shift in US-Russia relations, seeking closer political and economic ties with Moscow and signaling that Washington could "at some point" lift sanctions.




Warnig's plan involves US businessmen reaching out to the White House as part of back-channel efforts to broker peace in Ukraine, the FT wrote. Some in Trump's team reportedly see Nord Stream 2 as potential leverage in peace talks.

One US-led consortium of investors has reportedly drawn up the outlines of a post-sanctions deal with Nord Stream 2 owner Gazprom. The US investors would collect "money for nothing," claimed one senior US official.

Nord Stream 2, which was intended to complement the already operational Nord Stream 1, was completed in 2021, but was never commissioned due to concerns over the EU's increased dependence on Russian energy. In September 2022, the pipelines were targeted by a series of underwater explosions, which caused severe leaks. One string of Nord Stream 2 remains intact and filled with gas, but Germany refuses to use it due to sanctions and political considerations.

Russia has always insisted on being a reliable energy supplier. Kremlin spokesman Dmitry Peskov said in January that Moscow was interested in resuming gas deliveries to the EU, provided that there are buyers.

Brussels moved to eliminate energy reliance on Moscow in the aftermath of the escalation of the Ukraine conflict in 2022, and increased purchases of more expensive LNG from the US. Despite this, EU nations continue to buy both the piped fuel and LNG from Russia.The FT reported in January that EU officials were considering the option of resuming Russian pipeline gas imports as part of a potential peace agreement in Ukraine, with proponents arguing that this could lower energy prices in Europe and revive the bloc's industrial sector.

In a recent interview with The Economist, presumed future German chancellor Friedrich Merz insisted there would be no return to Russian gas "for the time being" but conspicuously failed to rule out the possibility. **RT**

# Pentagon to send about 3,000 additional troops to southern border

WASHINGTON March 2

The U.S. Department of Defence is sending about 3,000 soldiers to the southern border with Mexico, the Washington Post reported Saturday, quoting U.S. defence officials as saying.

According to the report, U.S. Defence Secretary Pete Hegseth approved the orders on Friday. The forces, including elements of a Stryker brigade combat team and a general support aviation battalion, will arrive along the nearly 2,000-mile border in the coming weeks.

The new troops will "reinforce and expand current border security operations to seal the border and protect the territorial integrity of the United States," the Pentagon said on Saturday.

U.S. President Donald Trump has made border security a top priority. He declared a national emergency at the U.S. border with Mexico on his first day in office in order to comprehensively curb the entry of illegal immigrants. **Xinhua**

# Israel accepts U.S. proposal for temporary ceasefire in Gaza during Ramadan, Passover holidays

JERUSALEM March 2

Israel has accepted the U.S. proposal for a temporary ceasefire with Hamas in Gaza for the Ramadan and Passover holidays, the Prime Minister's Office said in a statement early Sunday.

The Muslim holy month of Ramadan began on Friday and will last until March 30, while the Jewish Passover week will be marked from April 12 to 20.

According to the proposal by U.S. Special Envoy to the Middle East Steve Witkoff, on the first day of the extended ceasefire, about half of the 59 living and dead Israeli hostages held by Hamas in Gaza would be returned. At the end of the outline period, if an agreement is reached on a permanent ceasefire, the rest of the hostages would be released.

The statement said that Witkoff proposed extending the ceasefire after he felt that bridging the parties' positions to end the war was impossible at this stage and that more time was needed for talks on a permanent ceasefire.

It added that "while Israel has agreed to the Witkoff outline to return our hostages, Hamas has so far stuck to its refusal to accept this outline."

"While Hamas has repeatedly violated the agreement, Israel is not in violation," the statement reads. "If Hamas changes its position, Israel will immediately enter into negotiations on all the details of the Witkoff outline."

The statement also stressed that Israel may return to fighting if it believes that the negotiations are ineffective, as the first 42-day phase of the ceasefire-hostages agreement expired on Saturday. **Xinhua**

# Russia's quantum leap: Rosatom's breakthrough set to transform AI, healthcare, and more

MOSCOW March 2

A quantum research project conducted under the auspices of the Russian nuclear corporation Rosatom is poised to cement Moscow's place as one of world's technological powerhouses.

Russia's development of 50-qubit ion-based and rubidium neutral atom quantum computers in 2024 marks a key step in its quantum project roadmap.

The next phase is going to be unveiled in Moscow on February 8. Russia's accomplishments were made possible by a unique team of researchers and engineers of over 1,000 specialists, including about 600 scientists.

By 2030, Rosatom intends to build a viable quantum industry in Russia, which entails industrial-scale manufacturing of quantum computers. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# New norovirus alert as officials warn of 'potential second wave' with cases of vomiting bug up 25 percent in a month

Brits were today warned of an upsurge in a highly contagious winter vomiting bug.

Rates of norovirus, which kills up to 80 Brits every year, are more than two-and-a-half times higher that of the same time last year, fresh figures show.

Over 1,130 patients a day were in hospital in England with norovirus last week, up on the 898 logged a month ago — a rise of more than a quarter.

It marks a slight dip on the 1,160 seen in the previous week, the highest level ever seen in hospitals in England.

But officials today warned of a 'potential second norovirus wave', cautioning that people who have already had the highly contagious virus this winter may still be at risk of being infected again.

This is because a different, commonly seen variant, GII.4, is on the rise, separate UK Health Security Agency (UKHSA) shows and having already had one type of norovirus does not fully protect against other strains.

The majority of people will not need to speak to a doctor about the infection. In most cases, it will clear up on its own.

But for those who are more vulnerable — typically the elderly, young and immunocompromised — it could lead to serious dehydration, resulting in hospitalisation.

Early signs of dehydration can include a dry mouth and throat, dizziness, fatigue, peeing less than usual and having sunken eyes.

For those who are vulnerable, dehydration can quickly turn deadly — as it impacts the delicate balance of salts in the blood that keep the organs functioning.

Professor Sir Stephen Powis, NHS England's national medical director, said: 'While it is good news norovirus cases dropped, they remain extremely close to the all-time high reported last week so we can be under no illusions about the continued pressure staff are still facing.

Hospitals remain close to capacity in part because of seasonal illnesses, and it is vital that people do everything they can to reduce the spread of what can be a deeply unpleasant illness.

To help stop the spread of norovirus, the medical advice is to wash your hands frequently with soap and water and avoid mixing with other people until you have not had symptoms for two days.

'While pressures on hospitals remains incredibly high, people should continue to use NHS services in the normal way — using 111 and 111 online if you need advice and support for health conditions, and only using 999 or attending A&E in life-threatening emergencies.'


Health and social care secretary, Wes Streeting, added: 'These statistics show that we are still not out of the winter woods, and I want to thank all NHS staff for their hard work in the face of substantial pressures on the health service.'

According to the latest NHS weekly hospital figures, an average of 1,134 patients a day were in hospital last week, down slightly on the record high of 1,160 in the preview week.

But levels were two-and-a-half times the same point 12 months ago, when an average of 470 beds were filled by patients with diarrhoea and vomiting or norovirus-like symptoms.

It has been estimated that for every case of norovirus reported to national surveillance in the UK, there are roughly 288 in the community that go unreported.

Separate figures released by the UKHSA today showed




laboratory confirmed reports of the vomiting bug were at the highest levels seen since the agency began reporting data this way in 2014.

'Cases usually start to decline around this time of year as the weather gets warmer, but it is too soon to conclude whether or not norovirus has peaked this season,' the body said.

The data also showed that a different, but commonly seen norovirus variant, GII.4, is now on the rise — representing 29 percent of all cases compared to just 10 percent three months ago.

By comparison, a second GII.17 variant which accounted for 76 percent of cases in November, now represents around 59 percent.

'This means that people who have already had norovirus this season may catch it again, as having one genotype does not fully protect against the other,' the UKHSA said.

'However, at present there is no indication that either GII.17 or GII.4 leads to more severe illness.'

The bug is usually spread through close contact with someone who is infected, or by touching surfaces or objects, or eating food someone infected has touched.

Rest and having lots of fluid are often recommended by health professionals to help recover. Paracetamol may also aid a fever or aches and pains.

Many patients also ask doctors for antibiotics, but these are ineffective against viruses.

Amy Douglas, lead epidemiologist at UKHSA, said: Norovirus cases are still exceptionally high and we are seeing the biggest impacts in health and social care settings, such as hospitals and care homes.

Symptoms of norovirus can be more severe in older adults, young children and those who are immunocompromised.

If you have diarrhoea and vomiting please do not visit hospitals and care homes or return to work, school or nursery until 48 hours after your symptoms have stopped and don't prepare food for others as you can still pass on the virus.

'Alcohol gels do not kill norovirus. Wash your hands with soapy warm water and clean surfaces with bleach-based products where possible to help stop the infection from spreading.'

The NHS data also found there were a total of 96,807 patients in hospital each day last week.

Almost one in seven were taken up by patients who were medically fit to be discharged.

The health service also remains alarmingly close to capacity with 95.3 percent of adult hospital beds occupied, the concerning data revealed today.

**Mail Online**

# စစ်တွေမြို့၌(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပ



စစ်တွေ မတ် ၂

(၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၃) နှစ်မြောက်တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဖတ်ကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက သီးနှံစိုက်စွမ်းအား အကောင်းဆုံး ထူးချွန်တောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများအားလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိသည့် တောင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများအားလည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ ထူးချွန်ဆုရစိုက်ပျိုးတောင်သူတစ်ဦးက ဂုဏ်ပြုဆုရရှိမှုအပေါ် ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမျိုးသန့်ခြံ၌ကျင်းပသော (၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး နည်းပညာပေးသင်တန်းဖွင့်ပွဲနှင့် ကွင်းသရုပ်ပြပွဲအခမ်းအနားသို့တက်ရောက်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ- ဝင်းမင်းစိုး**

# မကွေးမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပ



မကွေး မတ် ၂

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူးကျင်းပသည့် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား မုခ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အခမ်းအနားတွင်ပါဝင်ခဲ့သည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

ထို့နောက် မြို့တော်ခန်းမအတွင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် တောင်သူကြီးများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်ခရိုင်၊ မြို့နယ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က အသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် စိုက်ပျိုးရေး၊မွေးမြူရေး၊ ရေရရှိရေး၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ အုပ်စုဖွဲ့ဆွေးနွေးခြင်း(Group Discussion)ဆောင်ရွက်ကာ တိုင်းဒေကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က တောင်သူအသိပညာပေး ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**မောင်ညီညာ**

# မော်လမြိုင်မြို့၌(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပ



မော်လမြိုင် မတ် ၂

၂၀၂၅ ခုနှစ် မတ်လ ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သောသဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားခဲ့သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအား တိုးမြှင့်ရေး၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍတွင် စက်ကိရိယာသုံးစွဲခြင်း၏ အကျိုးကျေးဇူး၊ ဝက်မွေးမြူရေးကဏ္ဍနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု၊ အသားကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ကြက်နှင့်ဘဲ တိုးချဲ့မွေးမြူရေး၊ ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြသည့် ပညာရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် စိုက်ရေးပျိုးရေးကဏ္ဍတွင် ထူးချွန်သော တောင်သူအစုအဖွဲ့များအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က မတ်ပဲနှင့် ပဲတီစိမ်းစံပြအကွက်ပန်းတိုင်အထွက်နှုန်း ရရှိသည့် မြို့နယ်များမှ တောင်သူ အစုအဖွဲ့များအားလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဘက်စုံမွေးမြူသူ၊ ဝက်သားပေါက်ဖြန့်ဖြူးခြင်းနှင့် အသားတိုးထုတ်လုပ်နိုင်သူ၊ ငါးမွေးမြူရေး ထူးချွန်လုပ်ကိုင်သူတို့အားလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအား တိုးမြှင့်ရေး၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍတွင် စက်ကိရိယာသုံးစွဲခြင်း၏ အကျိုးကျေးဇူး၊ ဝက်မွေးမြူရေးကဏ္ဍနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု၊ အသားကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ကြက်နှင့်ဘဲ တိုးချဲ့မွေးမြူရေး၊ ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ပညာရှင်များကဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၂

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာမည်။

(မိုး/ဇလ)

# ရုရှားအပေါ် လုပ်ဆောင်နေသည့် ဆိုက်ဘာတိုက်ခိုက်မှုများကို အဆုံးသတ်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးက ညွှန်ကြား



**ဝါရှင်တန်၊ ဆိုက်ဘာတိုက်ခိုက်မှု**

ရုရှားနိုင်ငံအပေါ် လုပ်ဆောင်နေသည့် ဆိုက်ဘာတိုက်ခိုက်မှုများကို အဆုံးသတ်ပစ်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်က အမေရိကန်ဆိုက်ဘာတပ်ဖွဲ့အား အမိန့်ပေးညွှန်ကြားလိုက်ကြောင်း မီဒီယာတစ်ခုက ဖော်ပြသည်။

ဒစ်ဂျစ်တယ်စစ်ဆင်မှုများအပါအဝင် ရုရှားနိုင်ငံအပေါ်ဆင်နွှဲနေသည့် ဆိုက်ဘာတိုက်ခိုက်မှုအားလုံးကို ရပ်တန့်ပစ်ရန် ပိဟက်ဆက်က ဆိုက်ဘာတပ်ဖွဲ့မှ အကြီးအကဲ ဗိုလ်ချုပ်ကြီး တင်မသီဟိုအား ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း The Record က အမေရိကန်အရာရှိများ၏ ပြောဆိုချက်ကို ကိုးကား၍ ဖော်ပြခြင်းဖြစ်သည်။

ရုရှားနိုင်ငံအပေါ်လုပ်ဆောင်နေသည့် ဆိုက်ဘာတိုက်ခိုက်မှုများကို မည်သည့်အချိန်ကာလအထိ ရပ်ဆိုင်းထားမည်ကို အတိအကျဖော်ပြထားခြင်းမရှိကြောင်း သိရသည်။ သို့သော် အမေရိကန်အစိုးရ၏ ယခုလုပ်ဆောင်ချက်သည် ရုရှားနှင့် အမေရိကန်နှစ်နိုင်ငံကြား ဆက်ဆံရေး ပြန်လည်တိုးတက်လာစေရန်ရည်ရွယ်သည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း မီဒီယာတွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်သည် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်၏ ရုရှားနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်နှင့်ဆန့်ကျင်နေသည့် စစ်ဘက်မှအရာရှိကြီးများကို ရာထူးမှဖယ်ရှားရန် စီစဉ်လျက်ရှိသည်ဟု NBC သတင်းဌာနက ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဖော်ပြခဲ့ကြောင်းသိရသည်။

Ref: Ivt

# ဂါဇာတွင် စစ်ရေးလှုပ်ရှားမှုများကို ပြန်လည်စတင်ပါက ထူးခြားသည့် လက်တုံ့ပြန်မှုများနှင့် ရင်ဆိုင်ရမည်ဟု ဟူသီခေါင်းဆောင်က အစ္စရေးအားသတိပေး

**အေဒင်၊ စစ်ရေး**

ဂါဇာကမ်းမြောင်ဒေသတွင် စစ်ရေးလှုပ်ရှားမှုများကို ပြန်လည်စတင်မည်ဆိုပါက ထူးခြားသည့် လက်တုံ့ပြန်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဟူသီသူပုန်အဖွဲ့မှ ခေါင်းဆောင်က အစ္စရေးအား သတိပေးလိုက်ကြောင်း သိရသည်။

အစ္စရေးတပ်မတော်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် စစ်ဆင်ရေးများ ပြန်လည်စတင်ပါက အစ္စရေးပိုင်နက်နယ်မြေများ၊ အထူးသဖြင့် တဲအဗစ်မြို့အတွင်းသို့ ဟူသီအဖွဲ့က စစ်ရေးအရ လက်တုံ့ပြန်မည်ဖြစ်ကြောင်း ၎င်းအဖွဲ့ခေါင်းဆောင် အဗ္ဗဒူမာလစ်အယ်ဟူသီက မတ်လ ၁ ရက်နှောင်းပိုင်းတွင် သတိပေးခြင်းဖြစ်သည်။

ဟူသီအဖွဲ့သည် ပါလက်စတိုင်းပြည်သူများကို ထောက်ခံရန်အတွက် ဘာသာရေး၊ လူသားချင်းစာနာမှုနှင့် လူ့ကျင့်ဝတ်ပိုင်းအရ တာဝန်ရှိကြောင်း၊ အစ္စရေးအနေဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် စစ်ဆင်ရေးများ ပြန်လည်စတင်ပါက ဟူသီအဖွဲ့က စစ်မျက်နှာအများအပြားဖွင့်လှစ်တိုက်ခိုက်ရန်အသင့်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဟူသီသူပုန်အဖွဲ့သည် လက်ရှိတွင် ယီမင်နိုင်ငံ မြို့တော်ဆာနားအပါအဝင် နိုင်ငံမြောက်ပိုင်းရှိ နယ်မြေအများအပြားကို ထိန်းချုပ်ထားပြီး အစ္စရေးနှင့်ဟားမက်တို့၏ လက်နက်ကိုင်ပဋိပက္ခတွင် ဟားမက်အဖွဲ့ကို ထောက်ခံသည့်အနေဖြင့် အစ္စရေးနိုင်ငံနှင့်ဆက်နွှယ်သည့် သင်္ဘောများကို ပင်လယ်နီအတွင်း တိုက်ခိုက်လေ့ရှိကြောင်း သိရသည်။

ဟူသီသူပုန်အဖွဲ့အပေါ် အမေရိကန်နှင့် ဗြိတိန်တို့ကလည်း တုံ့ပြန်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

Ref: Xinhua

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### ယူဂန်ဒါတွင် အီဘိုလာရောဂါဖြစ်ပွားမှုကြောင့် ဒုတိယမြောက်လူတစ်ဦးထပ်မံသေဆုံး

ယူဂန်ဒါနိုင်ငံတွင် အီဘိုလာရောဂါဖြစ်ပွားမှုကြောင့် ဒုတိယမြောက်လူတစ်ဦး ထပ်မံသေဆုံးသွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က မတ်လ ၁ ရက်တွင် ထုတ်ပြန်သည်။

အီဘိုလာရောဂါဖြစ်ပွားမှုသည် ယူဂန်ဒါနိုင်ငံတွင် ယခုနှစ် မတ်လ ၃၀ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ယခုထပ်မံသေဆုံးသွားသူမှာ အသက် ၄ နှစ်ခွဲအရွယ်ရှိ ကလေးငယ်တစ်ဦးဖြစ်ကြောင်း ယူဂန်ဒါကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ၎င်းကလေးငယ်သည် ဖေဖော်ဝါရီလ ၂၅ ရက်တွင် သေဆုံးသွားခြင်းဖြစ်ကြောင်းသိရသည်။

နိုင်ငံအတွင်း အီဘိုလာရောဂါဖြစ်ပွားမှုကြောင့် ပထမဆုံးသေဆုံးသွားသူမှာ အသက်အရွယ်ဖော်ပြထားခြင်းမရှိသည့် သူနာပြုတစ်ဦးဖြစ်ပြီး ၎င်းသည် ရောဂါလက္ခဏာများစတင်ခံစားရပြီးနောက် ဆေးကုသမှုခံယူခဲ့သော်လည်း ဇန်နဝါရီလ ၃၀ ရက်တွင် သေဆုံးသွားခြင်းဖြစ်သည်။

ယူဂန်ဒါနိုင်ငံတွင် ၂၀၂၂ ခုနှစ်က အီဘိုလာရောဂါ နောက်ဆုံးအကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်ကလည်း ရောဂါဖြစ်ပွားသူ ၁၄၂ ဦးအနက် ၅၅ ဦးသေဆုံးခဲ့ကြောင်းသိရသည်။

Ref: Ivt

### ယူကရိန်း၏ ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေး ဗြိတိန်အစိုးရက ချေးငွေအဖြစ် စတာလင်ပေါင် ၂ ဒသမ ၂၆ ဘီလီယံပေးအပ်

ဗြိတိန်အစိုးရသည် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးအတွက် ချေးငွေအဖြစ်စတာလင်ပေါင် ၂ ဒသမ ၂၆ ဘီလီယံ (ဒေါ်လာ ၂ ဒသမ ၈၄ ဘီလီယံ) ပေးအပ်ခဲ့ကြောင်းသိရသည်။

ချေးငွေပေးအပ်သည့် သဘောတူညီချက်အား ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရေချယ်ရိနှင့် ယူကရိန်းဘဏ္ဍာရေးဝန်ကြီး ဆာဂျီမာချန်ကိုတို့က မတ်လ ၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံက ချေးငွေပေးအပ်မှုသည် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးအပေါ် ဗြိတိန်အစိုးရ၏ ထားရှိသည့်ကတိကဝတ်ကို ဖော်ပြလျက်ရှိပြီး ကာကွယ်ရေးအင်အားတောင့်တင်းသည့် ယူကရိန်းနိုင်ငံသည် ဗြိတိန်နိုင်ငံ၏အမျိုးသားလုံခြုံရေးအတွက် အရေးပါလျက်ရှိကြောင်းကို မီးမောင်းထိုးပြလျက်ရှိကြောင်းသိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားသည် ယူကရိန်းသမ္မတ ဇီလန်စကီအား မေလ ၁ ရက်က လန်ဒန်မြို့တော်၌ တွေ့ဆုံ၍ ယူကရိန်းနိုင်ငံအပေါ် ဆက်လက်ထောက်ခံမည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref: ET

# အမေရိကန်သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အင်္ဂလိပ်ဘာသာအား နိုင်ငံ၏တရားဝင်ဘာသာစကားအဖြစ် သတ်မှတ်သည့်အမိန့်ကို ထရမ့်လက်မှတ်ထိုး


**နယူးယောက်၊ ယဉ်ကျေးမှု**

အမေရိကန်ပြည်ထောင်စုတွင် အင်္ဂလိပ်ဘာသာအား နိုင်ငံ၏တရားဝင်ဘာသာစကားအဖြစ် သတ်မှတ်သည့်အမိန့်တစ်ရပ်ကို သမ္မတဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

ထရမ့်သည် အဆိုပါအမိန့်ကို မတ်လ ၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားအား နိုင်ငံ၏ တရားဝင်ဘာသာစကားအဖြစ်သတ်မှတ်ခြင်းသည် အမေရိကန်နိုင်ငံ၏ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်လာခဲ့သည်။

ထရမ့်၏ အဆိုပါအမိန့်ကြေညာချက်သည် နိုင်ငံအတွင်း၌ စည်းလုံးညီညွတ်မှုကို တိုးမြှင့်ရန်နှင့် လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်စေနိုင်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်သည်။ ယခုလက်မှတ်ရေးထိုးလိုက်သည့် အမိန့်ကြေညာချက်သည် ယခင်သမ္မတဟောင်း ဘီကလင်တန်၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု နည်းပါးသူများအတွက် ဘာသာစကားဆိုင်ရာ အကူအညီပေးရန်အစိုးရအဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့ပေးနေသည့် ကြေညာချက်ကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာစကားအား နိုင်ငံ၏ တရားဝင်ဘာသာစကားအဖြစ် သတ်မှတ်ခြင်းသည် ဆက်သွယ်ရေးကို လွယ်ကူစေသည့်အပြင် အမေရိကန်၏မျှဝေထားသည့် တန်ဖိုးများကိုတိုးမြှင့်ပေးနိုင်ပြီး ပိုမိုစည်းလုံးညီညွတ်မှုရှိပြီး စွမ်းဆောင်ရည်ရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။



အမေရိကန်တွင် ယခင်အစိုးရအဖွဲ့များသည် အင်္ဂလိပ်ဘာသာစကားအား နိုင်ငံ၏ တရားဝင်ဘာသာစကားအဖြစ် သတ်မှတ်နိုင်ရန်ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်ခဲ့ခြင်းမရှိပေ။ အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များအရ အမေရိကန်ပြည်ထောင်စုတွင် ဘာသာစကားပေါင်း ၃၅၀ ကျော်ကို ပြောဆိုလျက်ရှိကြောင်းသိရသည်။

Ref: RT

# Space and Technology

## Firefly Aerospace ကုမ္ပဏီက Blue Ghost အာကာသယာဉ်အား လပေါ်သို့ အောင်မြင်စွာလွှတ်တင်



အမေရိကန်ပုဂ္ဂလိကအာကာသလေ့လာရေးကုမ္ပဏီတစ်ခုဖြစ်သည့် Firefly Aerospace သည် ၎င်းတို့၏ Blue Ghost အာကာသယာဉ်အား မတ်လ ၂ ရက်က လပေါ်သို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါကုမ္ပဏီသည် လကမ္ဘာသို့ မောင်းသူမဲ့အာကာသယာဉ်စေလွှတ်ခြင်းအား ပထမဆုံးအကြိမ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ Blue Ghost အာကာသယာဉ်သည် လပေါ်တွင် နှစ်ပတ်ကြာ သုတေသနလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

Blue Ghost အာကာသယာဉ်သည် အဆိုပါခရီးစဉ်သို့ သိပ္ပံပညာရပ်ဆိုင်ရာကိရိယာများကို သယ်ဆောင်သွားပြီး အရှေ့ပိုင်းစံတော်ချိန် နံနက် ၃ နာရီ ၃၅ မိနစ်ခန့်တွင် လမျက်နှာပြင်ပေါ်ရှိ ရှေးဟောင်းမီးတောင်အပေါက်ဝအနီးသို့ တစ်နာရီလျှင် ၂ မိုင်နှုန်းအရှိန်ဖြင့် ညင်သာစွာဆင်းသက်နိုင်ခဲ့သည်။

ယခင်က လ၏မျက်နှာပြင်ပေါ်သို့ ကမ္ဘာ့အင်အားကြီးလေးနိုင်ငံက အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီး ယင်းနိုင်ငံများတွင် ဆိုဗီယက် ယူနီယံ၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ အိန္ဒိယနှင့် ဂျပန်တို့ ပါဝင်သည်။ ဂျပန်နိုင်ငံသည် လပေါ်သို့ ပြီးခဲ့သည့်နှစ်က ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါနိုင်ငံကြီးများအနက်မှ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့က ၎င်းတို့၏ အာကာသယာဉ်မှူးများကို လကမ္ဘာပေါ်သို့ စေလွှတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အင်အားကြီးနိုင်ငံများကြား လကမ္ဘာအပေါ် ထိုသို့စိုးမိုးနိုင်ရေး ကြိုးပမ်းမှုများ မြင့်တက်နေစဉ် Firefly Aerospace ကုမ္ပဏီ၏ ကြိုးပမ်းမှုထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

**Ref: TS**

## 2025 VEX Robotics Regional Championship ပြိုင်ပွဲကို ကနေဒါနိုင်ငံတွင်ကျင်းပ

တိုးတက်ပြောင်းလဲလာသည့် စက်ရုပ်နည်းပညာများကို ထုတ်ဖော်ပြသသည့် 2025 VEX Robotics Regional Championship ပြိုင်ပွဲကို ကနေဒါနိုင်ငံတွင် မတ်လ ၁ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဗြိတိသျှကိုလံဘီယာ ဘန်းနဘီမြို့၌ ကျင်းပခြင်းဖြစ်ပြီး ဒေသအတွင်းရှိ အထက်တန်းကျောင်းသား၊ ကျောင်းသူ ရာပေါင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယခုပြိုင်ပွဲတွင် အနိုင်ရရှိသူများအနေဖြင့် အမေရိကန်ပြည်ထောင်စု ဒါးလက်မြို့၌ ယခုနှစ် မေလတွင် ကျင်းပမည့် VEX Robotics World Championship ပြိုင်ပွဲသို့ တက်လှမ်းရမည်ဖြစ်သည်။

ဒါးလက်မြို့၌ကျင်းပမည့် VEX Robotics World Championship ပြိုင်ပွဲကို Kay Bailey Hutchison Convention စင်တာတွင် မေလ ၆ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိသည်။ **Ref: Xinhua, robotevents**



## ရုရှားနိုင်ငံမှ Progress MS-30 ကုန်တင်အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်



ရုရှားနိုင်ငံမှ Progress MS-30 ကုန်တင်အာကာသယာဉ်သည် မတ်လ ၂ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့်အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီကြီးဖြစ်သည့် Roscosmos က ထုတ်ပြန်သည်။

အဆိုပါကုန်တင်အာကာသယာဉ်ကို ကာဇက်စတန်ရှိ ဘိုင်ကိုနောအာကာသလွှတ်တင်ရေးစခန်းမှ ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းတွင် Soyuz-2.1a လွှတ်တင်ရေးဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ၎င်းအာကာသယာဉ်သည် ထောက်ပံ့ရေးပစ္စည်း ၂၅၉၉ ကီလိုကို သယ်ဆောင်သွားသည်။

ထို့ပြင် Progress MS-30 ကုန်တင်အာကာသယာဉ်သည် အာကာသစခန်းအတွက် လောင်စာဆီ ၉၅၀ ကီလို၊ သောက်သုံးရေ ၄၂၀ လီတာနှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၅၀ ကီလိုကို သယ်ဆောင်သွားသည်။

ယခုလွှတ်တင်လိုက်သည့် အာကာသမစ်ရှင်ကို Orlan-MKS No. 6 spacesuit ဟုအမည်ပေးထားပြီး အဓိကအားဖြင့် အာကာသအတွင်းလမ်းလျှောက်ခြင်းကို အထောက်အကူပြုရန်ဖြစ်သည်။

**Ref: Ivt, Xinhua**

## ကုလသမဂ္ဂနှင့် နေတိုးအဖွဲ့နှစ်ဖွဲ့စလုံးမှ နုတ်ထွက်မည့် အမေရိကန်၏အကြံအစည်ကိုထောက်ခံဟု အီလွန်မက်ပြော



**နယူးယောက်၊ နိုင်ငံရေး**

အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂနှင့် နေတိုးအဖွဲ့နှစ်ဖွဲ့စလုံးမှ နုတ်ထွက်မည့်အကြံအစည်ကိုထောက်ခံကြောင်း အီလွန်မက်က ပြောကြားခဲ့ကြောင်းသိရသည်။

အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂအဖွဲ့နှင့် အခြားဆက်နွယ်နေသည့် အဖွဲ့အစည်းများသို့ငွေကြေးအများအပြား ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများမှ အမေရိကန်က နုတ်ထွက်မည့်အကြံအစည်အား ထောက်ခံခြင်းဖြစ်ကြောင်း မက်က ၎င်း၏ဆိုရှယ်မီဒီယာတွင် မေးမြန်းမှုတစ်ခုအား မတ်လ ၂ ရက်က တုံ့ပြန်ဖြေကြားရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရီပတ်ဘလစ်ကန်အမတ်များသည် ကုလသမဂ္ဂနှင့် နေတိုးအဖွဲ့တို့မှ နုတ်ထွက်ရန်အတွက် ပြန်လည်သုံးသပ်ရန် အစောပိုင်းက ထုတ်ဖော်ပြောကြားထားသည်။

ထို့ပြင် ကုလသမဂ္ဂအဖွဲ့သည် အားနည်းပြီး စွမ်းဆောင်မှုမရှိသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု ထရမ့်က ၎င်း၏ ၂၀၁၆ ခုနှစ် ပထမသက်တမ်းအတွက် မဲဆွယ်ပွဲတစ်ခုတွင်ပြောဆိုခဲ့ပြီး ယူကရိန်းနိုင်ငံအတွင်းမှ ရုရှားတပ်များအား ချက်ချင်းရုပ်သိမ်းပေးရန် တောင်းဆိုသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ပြီးခဲ့သည့်လအတွင်းက ဆန့်ကျင်ခဲ့ကြောင်းသိရသည်။

အီလွန်မက်သည် လက်ရှိတွင် ထရမ့်၏ အရေးပါသည့်အကြံပေးတစ်ဦးအဖြစ် တာဝန်ယူလျက်ရှိပြီး အစိုးရ၏အသုံးစရိတ်များအား လျှော့ချရာတွင် ဦးဆောင်နေသူဖြစ်သည်။

**Ref: RT**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

**ဒေါက်တာသင်းသင်းအေး**
**ပါမောက္ခ (ဌာနမှူး)**
**သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အထောက်အကူဖြစ်စေဖို့ မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပေးသွားမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ စာမေးပွဲအတွက် အထောက်အကူဖြစ်စေမည့် သမိုင်းအချက်အလက်များကို အကောင်းဆုံးပြင်ဆင်နိုင်မည်လို့ ယုံကြည်ပါတယ်။

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးပုံစံပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ် အုပ်ချုပ်ရေးစနစ်များကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ် – မြန်မာစစ် (၁၈၂၄–၁၈၂၆) အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ် – မြန်မာစစ် (၁၈၅၂–၁၈၅၃) အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ တတိယ အင်္ဂလိပ် – မြန်မာစစ် (၁၈၈၅) အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို ၃ ကြိမ်ရင်ဆိုင်ခဲ့ရတယ်။ ပထမ အင်္ဂလိပ် – မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနှင့်ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့်အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယ အင်္ဂလိပ် – မြန်မာစစ်အပြီးတွင် ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည် (ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမားလို့ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကို အုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာ စတဲ့အာဏာသုံးရပ်ကို တစ်ဦးတည်းကျင့်သုံးနိုင်တယ်။ ဒါပေမဲ့ သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာမရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်များ တိကျစွာသတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာအုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာသိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန် တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ၁၉၂၁ မြန်မာနိုင်ငံ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေးပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ်ကာလပြီးရင် မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးနဲ့ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန်ခေါင်းဆောင်တဲ့ ကော်မရှင်ကိုဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာနဲ့ အကြံပေးချက်များအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကို လိုလားသူများနဲ့ တွဲရေးကို လိုလားသူများဆိုပြီး အုပ်စုများကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမဲ့ ဒီပြဿနာကို မြန်မာတို့ အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်းမရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်ပါလီမန်အထက်လွှတ်တော်က အဖွဲ့ဝင် ၁၆ ဦးပါဝင်တဲ့ တွဲဖက်ကော်မတီကို တာဝန်ပေးခဲ့တယ်။ ကော်မတီအစီရင်ခံစာနှင့် အကြံပေးချက်များအရ အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာနအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာနအုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ဆိုင်မွန်ကော်မရှင်ပေါ်ပေါက်လာပုံ၊ လန်ဒန်မှာကျင်းပတဲ့ သီးခြားစုံညီအစည်းအဝေး၊ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေပေါ်ပေါက်လာပုံ၊ ၉၁ ဌာနအုပ်ချုပ်ရေးမှာ ဘုရင်ခံ စီရင်အုပ်ချုပ်ခွင့်ရတဲ့ ဌာနများနဲ့ ပြည်သူ့ကိုယ်စားလှယ်အမတ်များ အုပ်ချုပ်ခွင့်ရတဲ့ဌာနများ၊ ၉၁ ဌာနအုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာမှုများကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ် စီးပွားရေးစနစ်နဲ့ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာကြရမှာဖြစ်တယ်။ ကိုလိုနီခေတ်ရဲ့အဓိကစီးပွားရေးလုပ်ငန်းတွေကတော့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်း၊ သတ္တုနှင့် သယံဇာတလုပ်ငန်းများဖြစ်ကြတယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးများကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ် အမည်နဲ့ ကုမ္ပဏီ ၄ ခုကလည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမား ကုန်သန်းရောင်းဝယ်ရေးကုမ္ပဏီကလည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီကလည်းကောင်း၊ လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။ ကိုလိုနီခေတ်မှာ အရင်းရှင် စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်များ၊ အလုပ်သမားများ မြန်မာနိုင်ငံကိုရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကိုအခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့ လူနေမှုစနစ်သို့ တဖြည်းဖြည်းပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းများ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝအခြေအနေများကိုလည်းသိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှအလုပ်သမားများကို ခေါ်ယူခဲ့တယ်။ အလုပ်သမားများ အနက် စက်မှုလုပ်ငန်းများမှာ လုပ်ကိုင်တဲ့အလုပ်သမားများရဲ့ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားများဟာ အရင်းရှင်များရဲ့ လက်ဝါးကြီးအုပ် အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးဝါးစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားများရဲ့ဘဝဟာ ပိုမိုဆိုးရွားလာခဲ့တယ်ဆိုတာကိုလည်း လေ့လာထားရမယ်။

အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်းသိထားရမယ်။ ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကိုပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ ကျေးလက်တောရွာနေပြည်သူများဟာ မြန်မာဆေးဝါးများနဲ့ တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်းဆေးပညာနဲ့ ထိတွေ့မှုများလာတယ်၊ ဆေးရုံများကို အားကိုးလာကြတယ်၊ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးများမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။ လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးပြောင်းလဲမှု(၁၉၄၈–၁၉၆၂) ကိုလေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာသိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ပထမဦးဆုံးအစိုးရအဖွဲ့ကို ဝန်ကြီးဌာန ၁၉ ခုနဲ့ ဖွဲ့စည်းခဲ့တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် ၂ ရပ်ရှိတယ်။ လွှတ်တော် ၂ ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်များကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးများဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်ခေါ် အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များကို အဆင့်ဆင့်ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကိုအခြေပြုတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈–၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ် ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကတော့ ယခင်ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု (ပထစ) အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် စီးပွားရေး၊ လူမှုရေး ပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလကို တော်လှန်ရေးကောင်စီခေတ်လို့ခေါ်တယ်။ ဒီသင်ခန်းစာမှာ တော်လှန်ရေးကောင်စီပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေအကြောင်းကို လေ့လာထားဖို့လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်းသိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထားကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကိုကျယ်ပြန့်လာအောင်ဆောင်ရွက်ခဲ့တယ်၊ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ်စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်များချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်းရရှိခဲ့တယ်။

**စာမျက်နှာ ၂၆ သို့ ○**

○ **စာမျက်နှာ ၂၅ မှအဆက်**

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှော ဖလှယ်ပွဲများ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာပြန့်ပွားလာရေး အတွက်ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှု အသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော်ပေးခဲ့တယ် ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကိုသိထားဖို့လိုတယ်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို လေ့လာထားဖို့လိုတယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများ လက်ထက်အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေး (Education for All) အတွက် အခြေခံပညာကျောင်းများကို ကျေးရွာများနှင့် နယ်စပ်ဒေသများတွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်းသိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်း ၄ ခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာများနဲ့စီးပွားရေး ပုံသဏ္ဌာန်များကြောင့် ဖြစ်ပေါ်လာသောကမ္ဘာ့ပြဿနာများ၊ တရုတ်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုများကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများဆိုပြီးပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆိုင်ရာ အမျိုးအစားအလိုက် အေဂျင်စီများ၊ ကုလသမဂ္ဂရဲ့ အဓိကလုပ်ငန်းကြီး ၅ ရပ်နဲ့ ယင်းတို့ရဲ့ ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက်လေ့လာသင့်တယ်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ် စတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းများပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ (အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်(စ်)နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာများ၊ နည်းပညာကိုအခြေပြု၍ ပြောင်းလဲလာသောရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေး ပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုများ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက် သော်လည်းကောင်း၊ လူသားတို့ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့် ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအပေါ် စိန်ခေါ်မှုများဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များ၊ ရာသီဥတုဆိုင်ရာပြဿနာများကြောင့် လူသားတို့၏ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကို လေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့နိုင်ငံများအနက် တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကို လေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ တိန့်ရှောင်ဖိန်၏ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်းပြည်ပ စိန်ခေါ်မှုများကို လေ့လာသိရှိဖို့လိုအပ်တယ်။ ပြည်တွင်းပြည်ပစိန်ခေါ်မှုများကိုလေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာ စိန်ခေါ်မှုများအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ရပ်ဝန်းနှင့် လမ်းအစီအစဉ် ဘီအာအိုင် (BRI–Belt and Road Initiative ) ကိုလည်းသိဖို့လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် အဓိက ဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်များရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့လူမှုရေးတို့အပေါ် စိန်ခေါ်မှုများ ဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်မေးခွန်းဟာ ၂၀၂၄ ခုနှစ် မေးခွန်းနဲ့ပုံစံအတူတူပဲဖြစ်ပါတယ်။ မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ သင်ခန်းစာတစ်ခုစီမှ အဓိကမှတ်သားသင့်သောအချက်များကို နားလည်သိရှိမှုရှိ မရှိ စစ်ဆေးသည့် မှတ်စုတိုမေးခွန်းများ၊ သမိုင်းအကြောင်းအရာတစ်ခုစီ၏ အခြေခံအကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်များပါဝင်တယ်။

မေးခွန်းမှာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ) ဆိုပြီးအပိုင်းသုံးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်းသုံးပိုင်းလုံးကိုဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီတိုင်းဟာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံအောင်မေးထားတဲ့မေးခွန်းများဖြစ်တယ်။ မေးခွန်းလွှာဟာ စာမျက်နှာ စုစုပေါင်း ၄ မျက်နှာပါရှိမှာဖြစ်တယ်။

မေးခွန်းအပိုင်း(က)ကတော့ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး နံပါတ် ၁(က) နှင့် ၁(ခ) ဆိုပြီးပါရှိမှာဖြစ်ပါတယ်။ နံပါတ် ၁ (က) မေးခွန်းဟာ အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါဟူ၍ဖြစ်ပါတယ်။ ပုဒ်ခွဲ နံပါတ် (၁) မှ (၁၅) အထိ စုစုပေါင်း (၁၅) ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းမှ (၈) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၇) ပုဒ် ပါရှိမှာဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ကတော့(၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (က) ၏ နံပါတ် ၁(ခ) မှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊(ခ)၊(ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ (၁) မှ (၁၅) ထိပါဝင်ပြီး မြန်မာ့သမိုင်းမှ (၇) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၈) ပုဒ် စုစုပေါင်း (၁၅) ပုဒ် ပါရှိမှာဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ်ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ခ) မှာ အောက်ပါတို့အနက်မှ ခြောက်ပုဒ်ကိုမှတ်စုတိုရေးပါဖြစ်ပါတယ်။ မေးခွန်းနံပါတ် (က)မှ (ဇ)အထိရှိပြီး မြန်မာ့သမိုင်း (၄) ပုဒ်နှင့် ကမ္ဘာ့သမိုင်း (၄) ပုဒ်တို့ပါဝင်တယ်။ အဲဒီ(၈)ပုဒ်ထဲက နှစ်သက်ရာ(၆)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရမှတ်ဟာ (၅) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်(၃၀)မှတ်ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ဂ) သည် အောက်ပါမေးခွန်းတို့ကိုဖြေဆိုပါဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၁) မေးခွန်းကတော့ မြန်မာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း ၂ ပုဒ်အနက် ကြိုက်နှစ်သက်ရာ တစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၂) မေးခွန်းကတော့ ကမ္ဘာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း ၂ ပုဒ်အနက် ကြိုက်နှစ်သက်ရာတစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) ဖြစ်တယ်။ ဒါကြောင့် အပိုင်း (ဂ) ရဲ့ စုစုပေါင်းရမှတ်မှာ (၄၀) မှတ်ဖြစ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာရပ်မေးခွန်းဟာ ပြဋ္ဌာန်းစာအုပ်တစ်ခုလုံးကို လွှမ်းခြုံမေးထားတာဖြစ်တဲ့အတွက်ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေနဲ့ သင်ခန်းစာတစ်စိတ်တစ်ပိုင်းကိုသာ လေ့လာ၊ ကျက်မှတ်ခြင်းမျိုးမပြုလုပ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများကို စုံလင်စွာလေ့လာဖို့ အလွန်အရေးကြီးပါတယ်။

သမိုင်းကိုလေ့လာတဲ့အခါ သင်ခန်းစာတိုင်းမှာပါတဲ့ အကြောင်းအရာ အချက်အလက်များနဲ့ သင်ခန်းစာတစ်ခုနဲ့တစ်ခု သမိုင်းစဉ်ဆက်စပ်မှုကို နားလည်ဖို့အထူးလိုအပ်ပါတယ်။ စာမေးပွဲဖြေဆိုရာမှာလည်း မေးခွန်းကို သေချာဖတ်ရှုပြီး မေးထားတဲ့မေးခွန်းနှင့် သက်ဆိုင်တဲ့ အကြောင်းအရာများကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ သင်ခန်းစာများကို အစအဆုံးကောင်းမွန်စွာ ပြင်ဆင်ထားခြင်းဖြင့် မေးခွန်းများကို အခက်အခဲမရှိဘဲ ဖြေဆိုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းမွန်အောင်မြင်စွာဖြေဆိုနိုင်ကြပါစေ။ ။

# ကျေးလက်ကုန်ထုတ်လမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းပြီးစီး



ကျုံပျော် မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကြံလဟာအလယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများပြီးစီးနေမှုအခြေအနေများကို မတ်လ ၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကွီးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကြံလဟာအလယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးလက်ကုန်ထုတ်လမ်း ရေရှည်အသုံးပြုနိုင်ရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားသည်။

ကျုံပျော်မြို့နယ် ကုန်သာကြီးကျေးရွာအုပ်စု ကြံလဟာအလယ်ကျေးရွာ၌ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၄ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၉၇ သန်းဖြင့် ဖေဖော်ဝါရီလ ၂၃ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ကိုညို(ကျေးလက်)


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
Fresh LEMON


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
DOUBLE ELEPHANT PORTLAND CEMENT
BLUE DIAMOND CEMENT
PORTLAND CEMENT
မြင်းပျံ PORTLAND CEMENT
ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

# မန်စီးတီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့က အေစီမီလန်အသင်းမှ တောင်ပံကစားသမား သီယိုဟာနန်ဒက်ကို အပြိုင်ကမ်းလှမ်းရန်ကြိုးပမ်းနေ




မီလန် မတ် ၂

မန်စီးတီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့က လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အေစီမီလန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် တောင်ပံကစားသမား သီယိုဟာနန်ဒက်ကို အပြိုင်ကမ်းလှမ်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် သီယိုဟာနန်ဒက်သည် အက်သလက်တီကိုအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်သော်လည်း ၂၀၁၇ ခုနှစ်က အက်သလက်တီကိုအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် လူငယ်ကစားသမားဘဝကို ရီးယဲလ်မက်ဒရစ်အသင်းနှင့် စတင်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်း၌ ပွဲကစားခွင့်နည်းပါးခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်က အေစီမီလန်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

သီယိုဟာနန်ဒက်သည် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး လက်ရှိဘောလုံးလောက၌ အကောင်းဆုံးဘယ်တောင်ပံကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

မန်စီးတီးအသင်းသည် အသင်းတွင် ဘယ်တောင်ပံခံစစ်နေရာ၌ လိုအပ်ချက်ရှိနေသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ဖြည့်တင်းရန် ကြိုးပမ်းနေသကဲ့သို့ ရီးယဲလ်မက်ဒရစ်အသင်းသည်လည်း အသင်းဘယ်တောင်ပံခံစစ်နေရာ၌ မန်ဒီတစ်ဦးတည်းကိုသာ အားထားနေရသည့်အတွက် နောက်ထပ်ထိပ်တန်းကစားသမားတစ်ဦး အလိုရှိနေသောကြောင့် ကစားသမားဟောင်း သီယိုဟာနန်ဒက်ကို ပြန်လည်ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

အေစီမီလန်အသင်းနှင့် သီယိုဟာနန်ဒက်တို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး အေစီမီလန်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း သီယိုဟာနန်ဒက်ကိုယ်တိုင်က အသင်းမှထွက်ခွာလိုသည့်အတွက် အေစီမီလန်အသင်းအနေဖြင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အဓိက ကစားသမားတစ်ဦးကို လက်လွှတ်ရဖွယ်ရှိကြောင်း သိရသည်။

*Ref;Topskill Sports UK*

# ခံစစ်ကစားသမား ခရစ္စတန်ဆန် ဒဏ်ရာကြောင့် ရက်သတ္တလေးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းကြေညာ

ဘာစီလိုနာ မတ် ၂

ဘာစီလိုနာအသင်းခံစစ်ကစားသမား ခရစ္စတန်ဆန်သည် လေ့ကျင့်ရေးအစီအစဉ်တွင်ရရှိခဲ့သည့် ခြေဖမိုးဒဏ်ရာကြောင့် နောက်ထပ်ရက်သတ္တလေးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက အတည်ပြုကြေညာခဲ့သည်။

အသက် ၂၈ နှစ်အရွယ် ခရစ္စတန်ဆန်သည် ယခုဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ်(၁) အဖြစ်ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ဗလင်စီယာအသင်းတို့ပွဲစဉ်၌ ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် ကာလရှည်အနားယူနေရသူဖြစ်သည်။

ခရစ္စတန်ဆန်သည်ပြီးခဲ့သည့်လအတွင်းက ဒဏ်ရာပြန်လည်သက်သာလာပြီးနောက် အသင်းနှင့်အတူ အပေါ့စားလေ့ကျင့်ခန်းများ လုပ်ဆောင်နိုင်ခဲ့သော်လည်း လေ့ကျင့်ရေးအစီအစဉ်တွင်ပင် ခြေဖမိုးဒဏ်ရာထပ်မံရရှိခဲ့ပြီးနောက် နောက်ထပ်ရက်သတ္တလေးပတ်ခန့် အနားယူရမည်ဖြစ်သည်။

ခရစ္စတန်ဆန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အဓိက ကစားသမားအဖြစ် ပြိုင်ပွဲစုံ ၄၂ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသည့်အတွက် စပိန်လာလီဂါပြိုင်ပွဲတစ်ပွဲသာ ပါဝင်ကစားနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လာမည့်ဘောလုံးပြိုင်ပွဲမှစတင်ပြီး ဂိုးသမားများအတွက် လက်ထဲတွင် ဘောလုံးကို ရှစ်စက္ကန့်သာထားနိုင်မည့်စည်းမျဉ်းသစ် အသုံးပြုမည်

ဇူးရစ် မတ် ၂

လာမည့်ဘောလုံးပြိုင်ပွဲမှစတင်ပြီး ဘောလုံးလောကတွင် ဂိုးသမားများအတွက် စည်းမျဉ်းသစ်တစ်ရပ်ဖြစ်သည့် ဘောလုံးကို လက်ထဲတွင် ရှစ်စက္ကန့်သာထားနိုင်မည့်စည်းမျဉ်းသစ်ကို စတင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဘောလုံးအဖွဲ့အစည်း ဘုတ်အဖွဲ့ (International Football Association Board)က အဆိုပါစည်းမျဉ်းသစ်ကို အတည်ပြုခဲ့ပြီးနောက် လာမည့်ဘောလုံးပြိုင်ပွဲများတွင် စတင်ကျင့်သုံးမည်ဖြစ်သည်။

နိုင်ငံတကာဘောလုံးအဖွဲ့အစည်း ဘုတ်အဖွဲ့က ပွဲကစားချိန်တွင် ဘောလုံးလေလွင့်ချိန်များ လျှော့ချနိုင်ရန် ဂိုးသမားများအတွက် စည်းမျဉ်းသစ်များကို ရေးဆွဲထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါစည်းမျဉ်းသစ်တွင် ဂိုးသမားများအနေဖြင့် ဘောလုံးကို လက်ခံရရှိချိန်၌ လက်ထဲတွင် အချိန်ရှစ်စက္ကန့်သာ ကိုင်ထားနိုင်မည်ဖြစ်ပြီး ရှစ်စက္ကန့်ထက်ပိုပြီး ကိုင်ထားမည်ဆိုပါက ကွင်းလယ်ဒိုင်လူကြီးက ထောင့်ကန်ဘောပြစ်ဒဏ်သတ်မှတ်ပေးရမည်ဖြစ်သည်။

လက်ရှိအချိန် ဘောလုံးပြိုင်ပွဲများတွင် ဂိုးသမားများအနေဖြင့် ဘောလုံးကို လက်ထဲတွင် အချိန်ကြာမြင့်စွာကိုင်ထားနိုင်ပြီး ပွဲစဉ်တစ်ပွဲအတွင်း အနိုင်ရရှိသည့်အသင်းမှ ဂိုးသမားများအနေဖြင့် အချိန်ဆွဲရာတွင် ဘောလုံးအား အချိန်ကြာမြင့်စွာကိုင်ထားသည့် နည်းဗျူဟာကို အသုံးပြုလျက်ရှိနေသည့်အတွက် နိုင်ငံတကာဘောလုံးအဖွဲ့အစည်းဘုတ်အဖွဲ့က ဂိုးသမားများ အချိန်ဆွဲမှုအား ထိန်းချုပ်နိုင်ရန် စည်းမျဉ်းသစ်တစ်ရပ်ကို စတင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*




# မီဝေါ်အသင်းနှင့်ပွဲစဉ်တွင် ပြင်းထန်သည့်ဦးခေါင်းဒဏ်ရာရရှိခဲ့သည့် ခရစ္စတယ်ပဲလေ့စ်အသင်းတိုက်စစ်ကစားသမားမာတီတာ ယခုဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိ

လန်ဒန် မတ် ၂

အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်ပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် မီဝေါ်အသင်းတို့ ကစားသည့်ပွဲစဉ်၌ ခရစ္စတယ်ပဲလေ့စ်အသင်း အဓိကတိုက်စစ်ကစားသမား မာတီတာသည် ပြင်းထန်သည့်ဦးခေါင်းထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ယခုဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းက မီဝေါ်အသင်းကို ၃ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲချိန်ရှစ်မိနစ်တွင် လေထဲရှိဘောလုံးကို မီဝေါ်အသင်းဂိုးသမားရောဘတ်နှင့် မာတီတာတို့ယှဉ်လုခဲ့ရာ ဂိုးသမားရောဘတ်က မာတီတာ၏ဦးခေါင်းကို ပြင်းပြင်းထန်ထန်ကန်မိခဲ့သည့်အတွက် မာတီတာအနေဖြင့် ဦးခေါင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

မာတီတာအနေဖြင့် ဦးခေါင်းပြင်းထန်စွာဒဏ်ရာရရှိသည့်အတွက် ပွဲချိန်ရှစ်မိနစ်တွင်ပင် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရပြီးနောက် နီးစပ်ရာဆေးရုံသို့သွားရောက်ပြီး အရေးပေါ်ဆေးဝါးကုသမှုခံယူခဲ့ရသည်။

မာတီတာအနေဖြင့် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူပြီးနောက် နာရီပိုင်းအကြာတွင် ဆေးရုံမှ ပြန်လည်ဆင်းနိုင်ခဲ့သော်လည်း ဒဏ်ရာမှာပြင်းထန်သည့်အတွက် စောင့်ကြည့်မှုများ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပြီး မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးသော်လည်း လက်ကျန်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေသည်။

မာတီတာသည် ယခုဘောလုံးရာသီတွင် ခရစ္စတယ်ပဲလေ့စ်အသင်း၌ အဓိက ကစားသမားအဖြစ် ခြေစွမ်းပြလျက်ရှိကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၇ ပွဲကစားပြီး ၁၂ ဂိုး သွင်းယူထားနိုင်သည်။ မာတီတာသည် ပြိုင်ပွဲစုံ ၃၃ ပွဲ ပါဝင်ကစားခဲ့ကာ ၁၅ ဂိုးသွင်းယူပြီး အသင်းတိုက်စစ်ပိုင်းကို အဓိကဦးဆောင်နေသောကစားသမားဖြစ်သည့်အတွက် ၎င်းအနားယူပါက ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မတ် ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၄၀)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၇၈၆၉၄၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၇၆၉)တန်၊ အခြားသစ် (၄ ဒသမ ၇၅၁)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၄၇၇၆၃)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၂၅၄၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ စက်မှုဇုန်ထုတ် Nidi Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စဥ့်ကိုင်ကတ္တားအကျော်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၂၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီးနှင့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့လမ်းခွဲ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၁၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၉၆၆၉၄၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ယင်းနောက် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ်၊ စွတ်ဆိုင်ကျေးရွာ၊ တာချီလိတ်-ဝမ်ပုံကားလမ်းမပေါ်ရှိ ဦးလီဆောပိုင်ခြံဝင်းအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ တော်ကော့အပြင်ရပ်ရှိ မဝါဝါကျော်ပိုင် ခြံဝင်းအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၁ ရက်တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ(၂၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၆၉၀၁၆၄၅)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့်အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**



## ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းခင်းများဖျက်ဆီး

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ မတ်လ ၁ ရက်နေ့က ဘိန်းခင်းဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်လ ၁ ရက်နေ့ နံနက် ၈ နာရီ ၄၀ မိနစ်အချိန်တွင် ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ်၊ ခေါ်ပူကျေးရွာ၏အရှေ့ဘက် ၂ ဖာလုံခန့်အကွာရှိ အမြင့် ၃ ပေခန့် ဘိန်းခင်း ၃၀ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၅ မိနစ်အချိန်တွင် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ်၊ လွယ်မန်းကျေးရွာ၏အရှေ့မြောက်ဘက် ၂ ဖာလုံခန့်အကွာရှိ အမြင့် ၃ ပေခန့် ဘိန်းခင်း ၁၁ ဧကခန့် အားလည်းကောင်း အသီးသီး ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ကလေးမြို့နယ်တွင် ငွေကျပ်သိန်း ၅၅၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ


မျိုးထက်အောင်(ခ)အရှည်ကြီးနှင့် မျိုးဇော်ဦး(ခ)မောင်ပြူးတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် မတ် ၂

ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နံနက် ၁၀ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့နယ်၊ နတ်ကြီးကုန်းကျေးရွာအုပ်စု၊ ဒိုးဝိုင်းချောင်းကျေးရွာအနီးတွင် မျိုးထက်အောင် (ခ) အရှည်ကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် မျိုးဇော်ဦး(ခ)မောင်ပြူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အဆိုပါဆိုင်ကယ် ၂ စီးပေါ်မှ ဘိန်းဖြူ ၁၁ ကီလို (တစ်ကီလိုလျှင် ၅၀၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၅၅၀၀ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် မျိုးထက်အောင်(ခ)အရှည်ကြီး (၃၃) နှစ်နှင့် မျိုးဇော်ဦး(ခ)မောင်ပြူး (၃၁) နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၅-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

( ဂ ) အခြေခံပညာ အဋ္ဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၃-၃-၂၀၂၅ ရက်နေ့မှ ၂၂-၄-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက် လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံ လစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။




## “ငါးသားပေါက်များရောင်းချပေးမည်”

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်တွင်းငါးစားသုံးမှုတိုးတက်စေရေးနှင့် စားရေရိက္ခာဖူလုံစေရေး၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနရှိ ငါးလုပ်ငန်းစခန်း(၂၅)ခုမှ ငါးသားပေါက်များအား ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချပေးလျက်ရှိသကဲ့သို့ ရေအရည်အသွေးတိုင်းတာစစ်ဆေးပေးခြင်း၊ ငါးရောဂါရှာဖွေစစ်ဆေးပေးခြင်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

၂။ ငါးမွေးမြူသူများသည် ဧပြီလမှစတင်၍ ငါးသားပေါက်များ ပြန်လည်ထည့်သွင်းမွေးမြူကြမည်ဖြစ်ပါသဖြင့် ကျန်းမာသန်စွမ်းပြီး ကြီးထွားနှုန်းကောင်းမွန်သည့် ငါးသားပေါက်များအား ထည့်သွင်းမွေးမြူပြီး ဝင်ငွေတိုးတက်ရရှိစေရန်အတွက် အောက်ပါ ငါးလုပ်ငန်းစခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်း( ၂၅ )ခုမှ သက်သာသောဈေးနှုန်းများဖြင့် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ ငါးတန်၊ ရေချိုငါးမုတ်စသည့် ဈေးကွက်ဝင်ရေချိုငါးသားပေါက်များအား ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | နေပြည်တော် | ရေဆင်းငါးလုပ်ငန်းစခန်း | ၀၉- ၇၉၁၀၉၅၀၆၀ |
| (ခ) | ရန်ကုန်မြို့ | လှော်ကားငါးလုပ်ငန်းစခန်း | ၀၉- ၇၈၃၇၈၈၀၆၃ |
| (ဂ) | ရန်ကုန်မြို့ | လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း | ၀၉- ၄၂၈၅၀၆၂၀၀ |
| (ဃ) | ပဲခူးမြို့ | ပဲခူးငါးလုပ်ငန်းစခန်း | ၀၉- ၄၂၅၃၀၀၅၆၈ |
| (င) | မန္တလေးမြို့ | သရက်ကုန်းငါးလုပ်ငန်းစခန်း | ၀၉- ၄၅၆၀၀၃၀၂၇ |
| (စ) | သထုံမြို့ | သထုံငါးလုပ်ငန်းစခန်း | ၀၉- ၇၉၃၄၅၅၀၀၈ |
| (ဆ) | ပုသိမ်မြို့ | ပုသိမ်ငါးလုပ်ငန်းစခန်း | ၀၉- ၇၈၇၉၈၀၆၀၆ |
| (ဇ) | မအူပင်မြို့ | တလုပ်လှငါးလုပ်ငန်းစခန်း | ၀၉- ၇၈၁၅၉၂၀၀၃ |

၃။ ထို့ပြင် စိတ်ပါဝင်စားသောငါးမွေးတောင်သူများ၊ လုပ်ငန်းရှင်များအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှဖွင့်လှစ်လျက်ရှိသော အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းများသို့လည်း တက်ရောက်နိုင်ကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနရုံးများ၊ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ(နေပြည်တော်)၊ ဖုန်း-၀၆၇-၄၀၈၄၇၆၊ ၀၆၇-၄၁၈၅၃၈ သို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**“ပစ္စည်းချင်းတူလျှင်ဈေးနှုန်းသက်သာရမည်။ ဈေးနှုန်းတူလျှင် အရည်အသွေးပိုကောင်းမွန်ရမည်။”**

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော
တေဇ ရုပ်စုံ




- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် မတ်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

### အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ ကုမ္ပဏီ နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံလူမွဲခံယူခြင်း ဥပဒေပုဒ်မ(၁၄၇)အရ "Seinn Chan Thar Co.,Ltd." ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၅၈၀၉၃၂၂(၂၇-၁၂-၂၀၂၂)၏ ဖျက်သိမ်းခြင်းကို(၂-၄-၂၀၂၅)နေ့ နံနက်(၉:၀၀)နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းခြင်းနှင့် နောက်ဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက် အောက်ပါလိပ်စာအတိုင်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ရှေ့နေအမည် | - | ဦးရှင်ငြိမ်း ( တရားလွှတ်တော်ရှေ့နေ-စဉ်-၄၆၄၄) |
| ရှေ့နေလိပ်စာ | - | အမှတ်(၅၂)၊ ၅၆ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

### ပျောက်ဆုံးကြောင်း

လဝန်းငယ်(ဘ)ဦးတိုးအောင် ၁၀/ကထန(နိုင်) ၀၉၆၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

နေလင်းဦး(ဘ)ဦးသာထူး ၁၂/သခန(နိုင်) ၁၄၈၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

မခင်ထွေး(ဘ)ဦးလောဂျာ ၁၃/ကမန(နိုင်) ၀၆၃၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၄၉၀၃၉၉

### ပျောက်ဆုံးကြောင်း

စပွါယ်စိုး(ဘ)ဦးစိုးဟန် ၁၀/သဖရ(နိုင်) ၀၆၉၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၆၉၇၄၅၂၇

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၃၀ | ၃၃၄၀ | ၃၃၁၀ | ၃၂၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၈၀ | ၃၃၀၀ | ၄၅၀၅ | ၃၅၉၀ | ၃၃၁၅ | ၃၃၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၃၇၅ | ၃၆၃၀ |
| 95 Ron | ၃၂၈၀ | ၃၃၉၀ | ၃၃၆၀ | ၃၂၉၅ | ၃၄၀၀ | ၃၄၁၅ | ၃၄၃၀ | ၃၃၅၀ | ၄၅၆၀ | ၃၆၄၀ | ၃၃၆၅ | ၃၃၇၀ | ၃၄၄၀ | ၃၄၀၀ | ၃၄၂၅ | ၃၆၈၀ |
| HSD (500 ppm) | ၂၇၆၀ | ၂၈၇၀ | ၂၈၄၀ | ၂၇၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | - | ၃၁၂၀ | ၂၈၄၅ | ၂၈၄၅ | ၂၉၁၅ | ၂၈၈၀ | ၂၉၀၅ | ၃၁၆၀ |
| HSD (50 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | ၄၈၃၀ | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |
| HSD (10 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | - | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၁ | ၃၁၄၆ |
| 95 Ron | ၃၁၀၀ | ၃၁၉၆ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၃၂၂၆ | ၃၃၂၀ |
| HSD (10 ppm) | ၃၂၂၆ | ၃၃၂၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၉၀၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ်လ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ်၆၉၀၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို . . .**

❖ **နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



နေပြည်တော် မတ် ၂

မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ ❍**

မြဝတီမြို့–ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်စဉ်။

### ၂-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀) ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

### ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

စာ – ၂၅ သို့

### ကလေးမြို့နယ်တွင် ငွေကျပ်သိန်း ၅၁၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

စာ – ၂၉ သို့

# သာပေါင်းမြို့နယ်၌ မိုးစပါးဧက ၅၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

သာပေါင်း မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧက ၅၇၀၀၀ ကျော် ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောကြားချက်အရ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီက သာပေါင်းမြို့နယ်၌ စပါး ၆၈၂၉၇ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလက စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ **စာမျက်နှာ ၁၁ ကော်လံ ၁ ◆**



### တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ – ၂၉ သို့